# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 October 2025 ၁၁၉၅၇


## ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေ၌မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၀/၂၀၂၅
၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့်
နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း

အပိုင်း ၁

ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး

၁။ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လကျပ် ၃၀၀၀၀ ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ** စာမျက်နှာ » ၅

**ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်** စာမျက်နှာ » ၇

**မျိုးဆက်သစ်များ စွမ်းပကားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတည်ဆောက်အံ့** ဆောင်းပါး စာမျက်နှာ » ၈

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကြေညာ** စာမျက်နှာ » ၁၀

**သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက်ပေးနိုင်ကြပါရန် တိုက်တွန်း** စာမျက်နှာ » ၁၂




## ပြည်တွင်းထုတ်ဓာတ်ဆီ (RON 77) အား အများပြည်သူသို့ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၃၀

စွမ်းအင်ဝန်ကြီးဌာနမှ "ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့" ရောက်ရှိစေရေးနှင့် စက်သုံးဆီဈေးနှုန်းမြင့်မားမှုကို တစ်ဖက်တစ်လမ်းမှ လျော့နည်းသက်သာစေရန် ရည်ရွယ်၍ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထုတ်လုပ်သည့် ပြည်တွင်းထုတ်ဓာတ်ဆီ (RON 68) အား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်မှစတင်ကာ တစ်လီတာ ငွေကျပ် ၂၂၀၀ နှုန်းဖြင့် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များမှ အများပြည်သူသို့ လွတ်လပ်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)ကို ၂၀၂၃ ခုနှစ်က စက်ချို့ယွင်း၍ ရပ်ဆိုင်းခဲ့ရသော်လည်း စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ

# ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး

ယနေ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ဖြစ်သည်။ သက်ကြီးရွယ်အိုများဆိုသည်မှာ နောက်ဆုံးဘဝနေဝင်ချိန် ညှိုးငယ်နေသောကာလဖြစ်သည်။ တစ်ချိန်သောကာလက မိသားစုအကျိုး၊ နိုင်ငံ့အကျိုးကို တတ်စွမ်းသည့်ဘက်မှ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။ ဘဝနေဝင်ချိန်တွင် ၎င်းတို့၏ ဘဝတစ်လျှောက် ဆောင်ရွက်ခဲ့မှုများကို ကျေးဇူးသိသောအားဖြင့်၊ လေးစားဂုဏ်ပြုသောအားဖြင့် မသန်မစွမ်းအားနည်းသောသူအဖြစ် နှိမ့်ချခြင်းမပြုဘဲ သက်ကြီးပုဂ္ဂိုလ်များအဖြစ် လေးစားကြရမည်ဖြစ်သည်။

အသက်အရွယ်ကြီးသူတို့ကို အလေးအမြတ်ပြုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်နှင့်အညီ သက်ကြီးရွယ်အိုတို့ကို လေးစားဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အစိုးရက သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်းနှင့် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ၂၀၁၄ ခုနှစ်က ချမှတ်ဆောင်ရွက်ခဲ့သည်။ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ (၂၀၁၆)နှင့် နည်းဥပဒေ (၂၀၂၂)တို့ကို ပြဋ္ဌာန်းကာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီနှင့် ဒေသဆိုင်ရာ အဆင့်ဆင့်သောကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ သက်ကြီးလူမှုရေးပင်စင်ထောက်ပံ့မှုကို ဆောင်ရွက်ခဲ့သည်။ တစ်နိုင်ငံလုံးရှိ အသိအမှတ်ပြု ဘိုးဘွားရိပ်သာများနှင့် သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များကို နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိသည်။ များမကြာမီကာလတွင် အရွယ်တစ်ခုသို့ ရောက်ရှိလာတော့မည့် လူငယ်လူရွယ်များသည်လည်း နောင်တစ်ချိန်တွင် သက်ကြီးရွယ်အိုများဘဝသို့ ရောက်ရှိလာမည်ဖြစ်သည်။ လူတို့၏သဘာဝအရ ဘဝနောင်ရေး စိတ်အေးနိုင်စေရန်နှင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံရေး၊ အမှီအခိုကင်းကင်းနှင့် ရပ်တည်နိုင်ရေးအတွက် “အမျိုးသားအဆင့် သက်ကြီးမူဝါဒ” (မူကြမ်း)ကို ရေးဆွဲပြီးဖြစ်သည်ဟု သိရသဖြင့် ဝမ်းမြောက်မိသည်။

လူကြီးမိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကို တန်ဖိုးထားခြင်းနှင့် စောင့်သိရှိသေခြင်းသည် ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ရပ်ဖြစ်သည်။ ထိုအစဉ်အလာကို ခေတ်မီမီ ကမ္ဘာကြည့်ကြည့်၍ လက်ဆင့်ကမ်းစောင့်ရှောက်ပေးရမည့်တာဝန်မှာ မျိုးဆက်သစ်တိုင်း၏ တာဝန်ပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာတို့၏ ကောင်းမြတ်သော ယဉ်ကျေးမှုထုံးတမ်းစဉ်လာများမှာ ခေတ်ကာလရွေ့လျောပြီး ခေတ်မီတိုးတက်လာသည်နှင့်အမျှ လျော့ပါးလာခဲ့ရာတွင် သက်ကြီးရွယ်အိုများကို တန်ဖိုးမထားမှု၊ ပစ်ပယ်ထားမှုများနှင့် ကြုံတွေ့လာသည်ကို တွေ့ရသည်။ မည်သည့်လူ့အသိုက်အဝန်းတွင်မဆို သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရေးသည် မလွှဲသာ၍ စောင့်ရှောက်ရမည့် ဝတ္တရားတစ်ခုမဟုတ်ဘဲ မလွဲမသွေ သားစဉ်မြေးဆက် ထမ်းဆောင်ရမည့် တာဝန်ဟု ခံယူထားကြရမည်ဖြစ်သည်။

ကြီးသူကို ရိုသေရသည့် ဂါရဝ နိဝါတ တရားများ ခေါင်းပါးလာခြင်းသည် ခေတ်ကာလ တိုးတက်ပြောင်းလဲလာသည့် အခြေအနေတစ်ရပ်ကြောင့်ဖြစ်ရသည်ဟု မရှုမြင်သင့်ဘဲ ယဉ်ကျေးမှုအစဉ်အလာကြီးမားသော မြန်မာနိုင်ငံအဖို့ လက်ဆင့်ကမ်း ထိန်းသိမ်းရမည့် ယဉ်ကျေးမှုအမွေအနှစ်ကို စောင့်ထိန်းရန် ပျက်ကွက်ခြင်းကြောင့်ဟု သုံးသပ်မိပါသည်။ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်သည် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပေးခြင်းဖြစ်၍ လူငယ်လူရွယ်များအတွက် အထူးလေ့လာဆည်းပူးအပ်သည့် ပညာရပ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို အခြေခံပညာကျောင်းများတွင် သင်ကြားပို့ချပေးလျက်ရှိသည်။ တစ်ချိန်က ဂါရဝတရား၊ နိဝါတတရားများ ထွန်းကားသည်မှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးသင်ကျောင်းများ၏ အကျိုးကျေးဇူးကြောင့်ဟု ဆိုရမည်ဖြစ်သည်။

ဓမ္မကျောင်းတော်ဟုခေါ်သည့် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းကျောင်းများတွင် လူကြီးမိဘ ဆရာသမားများ၏ ဂုဏ်ကျေးဇူးများကို အထူးသိမြင်ပြီး ပြန်လည်ပေးဆပ်သင့်ကြောင်းကို ယခင်ကထက် ယခုအခါ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချပေးသင့်သည်။ ယခုအခါ လူငယ်ကဏ္ဍကို မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာ လူငယ်လှုပ်ရှားမှု အသိုက်အဝန်းများကြားတွင် လူငယ်နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး တာဝန်နှင့် ဝတ္တရားများကို ပျံ့နှံ့လာအောင် ပြုလုပ်ပေးရန်လိုအပ်သည်။ ရွယ်တူကိုလေးစား ကြီးသူကိုရိုသေမှသာ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်အသိုက်အဝန်းကို ခိုင်မာစွာ တည်ဆောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းကို ဖော်ဆောင်ကြရာတွင် သက်ကြီးပုဂ္ဂိုလ်အားလုံးအနေဖြင့် အစောင့်အရှောက်ခံ၊ အပြုစုခံ လူအိုတစ်စုမဟုတ်တော့ဘဲ လူအိုသော်လည်း အစွမ်းအစ မအိုသေးဆိုသည့် ကာယစွမ်းအား၊ ဉာဏစွမ်းအားများဖြင့် လူ့ဘောင်လောကကို ဆက်လက်အကျိုးပြုနိုင်မည့် သက်ကြီးပုဂ္ဂိုလ်အင်အားစုကြီးအဖြစ် ဘဝချမ်းသာအခွင့်အရေးများရရှိအောင် သက်ကြီးသူများ ဦးဆောင်ပါဝင်နိုင်ရေး စွမ်းဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ် ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၊ အိမ်တော်များဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်ဦးကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဆန်းဝင်းကို လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် စက်တင်ဘာ ၃၀**

ယနေ့နံနက် ၇ နာရီ ၁၀ မိနစ် ၁၂ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၄၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့၏ အရှေ့တောင်ဘက် ၁၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၄-၁၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၅ ဒီဂရီ၊ အနက် ၆၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၃၀ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၇,၉၀၀ | ၂၁၁ | ၁,၆၈၂,၇၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၂,၂၅၉ | ၇,၆၈၀,၆၀၀ |
| MCB | ၈,၄၀၀ | ၂,၇၅၀ | ၅ | ၄၂,၀၀၀ |
| FPB | ၂,၆၅၀ | ၂,၇၅၀ | ၁,၉၂၀ | ၅,၂၇၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၆၅၀ | ၁,၂၆၇ | ၃,၃၆၈,၅၅၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၂,၂၇၆ | ၄,၃၇၃,၂၀၀ |
| AMATA | ၃,၂၅၀ | ၃,၂၅၀ | ၂၂၅ | ၇၃၁,၂၅၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁,၅၇၉ | ၅,၃၀၈,၆၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၀၀ | ၃၄၅ | ၉၁၆,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀၀၀၀ အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ)ကို အပို ထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၂**

**တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၂။ နိုင်ငံတော်အတွင်းနိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်း ၊ လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၆၀၀၀၀ အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀ (ကျပ်သုံးသောင်းတိတိ) ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုလိုက်သည်။

**အပိုင်း ၃**

**ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၃။ အထက်ဖော်ပြပါ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ)ဝန်ထမ်းများအား အပိုထောက်ပံ့ကြေးထုတ်ပေးရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်(၄)လအတွက်နှင့် လစာပြည့် သို့မဟုတ် လစာဝက်အစရှိသည့် လစာငွေရရှိသော အခြားခွင့်ခံစားနေသည့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ရှိပါသည်။

(ခ) ပညာသင်ကြားခွင့်[၁] ဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်ခြင်းခံရသော ဝန်ထမ်းများနှင့် ပညာသင်ခွင့်စည်းကမ်းချက်များ[၂] ဖြင့် နိုင်ငံခြားသို့ သွားရောက်ပညာသင်ကြားနေကြသည့် ဝန်ထမ်းများသည် ယင်းသို့သွားရောက်နေသည့် ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ။

(ဂ) တာဝန်ထမ်းဆောင်ရာ၌ လိုအပ်သောအရည်အချင်း ပြည့်စုံမှုအတွက် ပြည်တွင်း တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတစ်ခုခုတွင်လည်းကောင်း၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဆိုင်ရာ သိပ္ပံ သို့မဟုတ် အထက်တန်းကျောင်းတစ်ခုခုတွင်လည်းကောင်း ပညာသင်ခွင့်စည်းကမ်းချက်များဖြင့် တက်ရောက်ပညာသင်ကြားခွင့်ရရှိသော ဝန်ထမ်းများအား ပညာသင်ခွင့်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(ဃ) ရာထူးမှ ခေတ္တချထားခြင်းခံရသော ဝန်ထမ်းများအား တည်ဆဲနည်းဥပဒေများအရ နေထိုင်စားသောက်မှုစရိတ်[၃] ကို ထုတ်ပေးထားစဉ်ကာလအတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရပါမည်။

(င) ပုံသေလစာ[၄] ရရှိသော ဝန်ထမ်းများသည်လည်း အပိုထောက်ပံ့ကြေးကို လစဉ်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

**အပိုင်း ၄**

**နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများအတွက် အပိုထောက်ပံ့ကြေး**

၄။ အစိုးရဌာနများနှင့်အဖွဲ့အစည်းများရှိ နေ့စားဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခကို အလုပ်ချိန် တစ်နေ့ (၈)နာရီအတွက် လက်ရှိသတ်မှတ်ထားသော လုပ်ခ ကျပ် ၄၈၀၀အပေါ်တွင် အပိုထောက်ပံ့ကြေး ကျပ် ၁၀၀၀ ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ပထမအကြိမ်အဖြစ်လည်းကောင်း၊ ထပ်မံ၍ ကျပ် ၁၀၀၀ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ဒုတိယအကြိမ်အဖြစ်လည်းကောင်းလစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၂၀၀၀အပြင် ထပ်မံ၍ ကျပ် ၁၀၀၀ ကို အပို ထောက်ပံ့ကြေးအဖြစ် ခံစားခွင့်ပြုရန်ဖြစ်သဖြင့် နေ့စားအလုပ်သမားများအား နေ့စဉ်လုပ်ခ ကျပ် ၇၈၀၀ (ကျပ်ခုနစ်ထောင့်ရှစ်ရာတိတိ)ကို ခွင့်ပြုရန်ဖြစ်ပါသည်။

၅။ အောက်ဖော်ပြပါဝန်ထမ်းများသည် အပိုထောက်ပံ့ကြေးကို ခံစားခွင့်မရှိပါ-

(က) လုပ်ငန်းစာချုပ်အစရှိသည့် ဆောင်ရွက်ပြီးစီးသော လုပ်ငန်းပမာဏ သို့မဟုတ် အရေအတွက်ကိုလိုက်၍ အခကြေးငွေရရှိသည့် ဝန်ထမ်းများနှင့်အလုပ်သမားများ၊

(ခ) အချိန်ပိုင်း[၅] သာ ဆောင်ရွက်ရသည့် ဝန်ထမ်းများ၊

**အပိုင်း ၅**

**အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး**

၆။ နိုင်ငံတော်အတွင်းမှီတင်းနေထိုင်ကြသောအငြိမ်းစားဝန်ထမ်းများ (တပ်မတော်အငြိမ်းစားဝန်ထမ်းများအပါအဝင်)အား အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀၀၀၀ ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ပထမအကြိမ်အဖြစ် လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ လက်ရှိထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀ အပြင်ထပ်မံ၍ ကျပ် ၃၀၀၀၀(ကျပ်သုံးသောင်းတိတိ)ကို အပိုထောက်ပံ့ကြေးအဖြစ် လစဉ်ခံစားခွင့်ပြုရန် ဖြစ်ပါသည်။

**အပိုင်း ၆**

**အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးပေးရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန်**

၇။ အငြိမ်းစားဝန်ထမ်းများအား အပိုထောက်ပံ့ကြေးခံစားခွင့်ပြုရေးနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်းများကိုသာ အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်၍ နိုင်ငံခြားတိုင်းပြည်များတွင် ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ သွားရောက်နေထိုင်ကြသူများကို နိုင်ငံခြားတွင်သွားရောက်နေစဉ်အတွင်း အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုမည်မဟုတ်ပါ။

(ခ) ပင်စင်လစာတစ်ခုထက်ပို၍ ရရှိနေသော အငြိမ်းစားဝန်ထမ်းများအတွက် ယင်းသို့ ရရှိနေသည့် ပင်စင်လစာအားလုံး၏စုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်ဖြစ်ပါသည်။

(ဂ) မိသားစုပင်စင်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူအားလုံး(ဥပမာ-ကွယ်လွန်သူ ဝန်ထမ်း၏ ဇနီးနှင့်သားသမီးများအားလုံး)ခံစားရရှိနေသည့် ပင်စင်ငွေစုစုပေါင်းအပေါ်တွင် အပိုထောက်ပံ့ကြေးကို ခံစားခွင့်ပြုရန်နှင့် ယင်းအပိုထောက်ပံ့ကြေးကို တစ်ကြိမ်သတ်မှတ်ပြီးဖြစ်ပါက တစ်ဦးတစ်ယောက်၏ခံစားခွင့်ရပ်စဲသွားသည့်အခါ အပိုထောက်ပံ့ကြေးကို ထပ်မံပြင်ဆင်သတ်မှတ်ရန်မလိုပါ။

(ဃ) ယခုခွင့်ပြုသော အပိုထောက်ပံ့ကြေးကို တစ်လုံးတည်းပင်စင်အဖြစ် လဲလှယ်ခွင့်မရှိပါ။

(င) ပင်စင်နှင့်လုပ်သက်ဆုငွေများကို လက်ရှိပြဋ္ဌာန်းထားသော စည်းမျဉ်းများအတိုင်းပင် ဆက်လက်ခံစားခွင့်ပြုရမည်။

(စ) ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၅-၈-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၂/၂/၃၁၀ (၃၉၀၄/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အပိုဒ် ၂ ပါ အချက်များကိုပါ လိုက်နာဆောင်ရွက်ရမည်။

**အပိုင်း ၇**

**အထွေထွေ**

၈။ ဤအမိန့်သည် **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍** အတည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွက် ပေးရန်ရှိသော လစာ၊ လုပ်ခ၊ ပင်စင်လစာနှင့်အတူ အပိုထောက်ပံ့ကြေးကို ထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးရပါမည်။

**ဒေါက်တာကံဇော်**
**ပြည်ထောင်စုဝန်ကြီး**

၁။ Study Leave ၂။ Deputation ၃။ Subsistence Allowance ၄။ Fixed Pay ၅။ Part-time

❖ **ပြည်တွင်းထုတ်ဓာတ်ဆီမှ**

ယခုအခါ စက်ရုံကျွမ်းကျင် ဝန်ထမ်းများဖြင့် ပြင်ဆင်မှုများဆောင်ရွက်ပြီး စက်ရုံပြန်လည် လည်ပတ်နိုင်ခဲ့သဖြင့် အဆိုပါစက်ရုံမှထုတ်လုပ်သည့် ဓာတ်ဆီ (RON 77) ကိုလည်း တစ်လီတာလျှင် ၂၂၄၅ ကျပ်နှုန်းဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၃၅၄)တွင် အောက်တိုဘာ ၁ ရက်မှစတင်ကာ အများပြည်သူသို့ လွတ်လပ်စွာ ထပ်မံဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်သည်။

ပြည်သူလူထုအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၃၅၄) တွင် ပြည်တွင်းထုတ်ဓာတ်ဆီများဖြစ်သည့် (RON 68) နှင့် (RON 77) တို့ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိနှင့် ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ တာဝန်ရှိသူများနှင့် ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်သံဃာတော်များ ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ အမှတ်(၃)မင်္ဂလာကန်တော်၌ ကျင်းပသည့် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး မင်္ဂလာကန်တော်အတွင်းသို့ ငါးကောင်ရေ ၂၅၀၀ ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးကြသည်။

**ကျွေးမွေးလှူဒါန်း**

ထို့အတူ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ "ကရုဏာကမ္ဘာ"ဘိုးဘွားရိပ်သာသို့ ငွေပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ လှူဒါန်းခဲ့ပြီး အောက်တိုဘာ ၁ ရက်တွင် ဘိုးဘွားရိပ်သာမှ အဘိုးအဘွား ၁၉၁ ဦးတို့ကို တစ်နေ့တာအာဟာရဒါန ကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

မော်လမြိုင် စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ထွန်းအောင်ကျော်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ မော်လမြိုင်မြို့ မောင်ငံရပ်ကွက် မြစေတီစာသင်တိုက်၏ ဦးစီးပဓာနနာယက ဆရာတော်(ဝိနယပါဠိပါရဂူ) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကာ ဆရာတော်၊ သံဃာတော်များရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ထွန်းအောင် ဦးစီးသောတပ်ဖွဲ့ဝင် ၁၀၂ ဦးတို့ စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော်ဘူတာကြီးဝင်းအတွင်းရှိ အောင်စကြာရတနာမုနိစေတီတော်ရင်ပြင်နှင့် ပရိဝုဏ်အတွင်း/အပြင်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ

## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်

ကော့သောင်း စက်တင်ဘာ ၃၀

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်ဦးဆောင်သော ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့စု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ လေကြောင်းရဲတပ်ဖွဲ့စု၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့စိတ်၊ ခရိုင်/မြို့နယ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌများနှင့်တပ်ဖွဲ့ဝင် မိသားစုများက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။



ဦးစွာ ရွှေပြည်သာကျောင်းတိုက်ဆရာတော် ဥူးပါမောက္ခထံမှ သရဏဂုံနှင့် ငါးပါးသီလ ခံယူ ဆောက်တည်ခဲ့ကြကာ ကော့သောင်း ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခဲ့ကြသည်။

ယင်းနောက် ရွှေပြည်သာကျောင်းတိုက် ဆရာတော်မှ အနုမောဒနာ တရားချီးမြှင့်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက်ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မတ္တရာမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေးဆောင်ရွက်

မတ္တရာ စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ကြသည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေး အသိပညာပေးရာတွင် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်လွင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပါဝင်သောအဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်ရှိ လမ်းဆုံလမ်းခွများ၊ မြို့မဈေးအနီးရှိ လူစည်ကားသောနေရာများတွင် ယာဉ်နှင့် ယာဉ်မောင်းလိုင်စင်များကို စစ်ဆေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်အချက်များ၊ မော်တော်ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့နယ်၌ မွေးမြူရေးတောင်သူများအား မွေးမြူရေးဘဏ်စနစ်ဖြင့် ဒေသန္ဓားများ အခမဲ့ဖြန့်ဖြူးပေး

ကျိုင်းတုံ စက်တင်ဘာ ၃၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ မွေးမြူရေးဘဏ်စနစ်ဖြင့် မွေးမြူရေးတောင်သူများအား တိရစ္ဆာန်မျိုးကောင်း၊ မျိုးသန့်ဒေသန္ဓားများ အခမဲ့ ဖြန့်ဖြူးပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က ကတ်ထိုက်အုပ်စု တုံကွမ်ကျေးရွာတွင် ကျင်းပသည်။

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးတင်လင်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေတို့က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာမျိုးနိုင်က ဖြန့်ဖြူးပေးသည့် ဒေသန္ဓားပြာစိမ်းအမ ၁၀ ကောင်အား မွေးမြူရေးဘဏ် စနစ်အရ ကျေးရွာကော်မတီမှ တစ်ဆင့် လွှဲပြောင်းပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ကျေးရွာကော်မတီထံ ဒေသန္ဓားပြာစိမ်းအမ ၁၀ ကောင်နှင့် စာချုပ်များ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အခမဲ့ဖြန့်ဖြူးပေး**

ထို့အတူ ကျိုင်းတုံမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေသအတွင်း ဝက်သားထုတ်လုပ်မှု မြှင့်မားရေးအတွက် စက်တင်ဘာ ၂၇ ရက်က မွေးမြူရေးဘဏ်စနစ်ဖြင့် ကတ်ဖကျေးရွာအုပ်စု နောင်ဟောင်ကျေးရွာမှ မွေးမြူရေးတောင်သူများအား ဒေသဝက်အကောင် ၅၀ အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်းဖြစ်သူ Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာ၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ကာတာနိုင်ငံ ကုမ္ပဏီများအတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ကာတာနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း Dr. Khalid Bin Mohammed Al Attiyah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၈)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကာတာနိုင်ငံအကြား နှစ်နိုင်ငံ ဓာတ်သတ္တုကဏ္ဍဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မြန်မာနိုင်ငံ၏ (၁၅) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ဆွေးနွေးသည့် APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံ(Action Plan)ပါ အချက်များအနက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြောင်း၊ ရလဒ်ကောင်းအနေဖြင့် လက်ငင်းရလဒ် ၈ ဒသမ ၂ ကို ကြီးမားစွာ လိုက်နာဆောင်ရွက်ခြင်း(Largely Address) အဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ (၁၆)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာ ရေးသားရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် အစီအမံငါးခုကို အဆင့်တိုးမြှင့်ရရှိရေးအတွက် အဓိကအလေးထား ဆောင်ရွက်မည့် နယ်ပယ်များသတ်မှတ်ရန်နှင့် မေးခွန်းတစ်ခုချင်းအလိုက် တိကျသည့်ဖြေကြားချက်များ ပြန်လည်ဖြေကြားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများနှင့် ချိတ်ဆက်ဆောင်ရွက်မှုများသည်လည်း ရလဒ်ကောင်းများရရှိရေးအတွက် အထောက်အကူများစွာ ဖြစ်စေနိုင်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲနေမှု၊ တိုးတက်မှုအစီရင်ခံစာများရေးသားရာတွင် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် အကဲဖြတ်သူများက ထောက်ပြထားသည့် ဆက်လက်ရေးဆွဲရမည့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

**ဆွေးနွေး**

ယင်းနောက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးနှင့် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အစီရင်ခံစာတွင် ထည့်သွင်းဖြေကြားမည့် အကြောင်းအရာများ၊ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် အာရှ-ပစိဖိတ်ဒေသငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (Asia-Pacific Group on Money Laundering - APG) နှစ်ပတ်လည် အစည်းအဝေးနှင့် နည်းပညာနှင့် သင်တန်းပေးရေးဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့မှု၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပြင်ဆင်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက သက်ဆိုင်ရာနယ်ပယ်အလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်း သင်တန်းဆင်း

**တိုက်ကြီး စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ်(၄၆)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ်(၇၃) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းစိုးမင်းက မိမိတို့ဌာနမှအသုံးပြုနေသည့် မြေပုံများကို ယခင်သမားရိုးကျတိုင်းတာသည့်စနစ်မှ ခေတ်မီမြေတိုင်းကိရိယာများဖြင့် တိုင်းတာသည့်စနစ်ကို ကျင့်သုံးပြီး Digital Kwin Map များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကွင်းမြေပုံများ နယ်နိမိတ်ဆက်စပ်မရခြင်း၊ ယိုင်နဲ့ခြင်းများ မဖြစ်အောင် သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် နည်းစနစ်အဆင့်ဆင့်အတိုင်း လိုက်နာဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းသင်တန်းတို့တွင် ထူးချွန်ဆုရရှိသော သင်တန်းသားများအား ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ထူးချွန်ဆုများ ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ရုံးချုပ်၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား ၂၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးလခွဲကြာခဲ့ကာ သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြစ်ကြီးနားမြို့ရှိ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ




**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ မြစ်ကြီးနားမြို့ ပြည်နယ်ခန်းမ၌ ကချင်ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်မှုဗဟိုကော်မတီကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်တွင် ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး ခရီးသွား လုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အတူ ခရိုင်၊ မြို့နယ်အဆင့် ဒေသဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ဒေသခံများပါဝင်ပြီး လက်ရှိအခြေ အနေနှင့်ကိုက်ညီအောင် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကချင်ပြည်နယ်သည် သဘာဝအလှအပ များ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝပြီး ခရီးသွားဆွဲဆောင်ရာနေရာများစွာ ပိုင်ဆိုင်ထားရှိ သဖြင့် အဆိုပါအရင်းအမြစ်များကိုအသုံးချကာ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင် ပြည်နယ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း များ၊ ခရီးလှည့်လည်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေး ခန်းမ၌ အားကစားဆပ်ကော်မတီများမှ တာဝန်ရှိသူ များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်နယ် အတွင်း အားကစားနည်းမျိုးစုံ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံအဆင့်မှစတင်၍ စနစ်တကျလေ့ကျင့် သင်ကြားပေး၍ မျိုးဆက်သစ် ထူးချွန်ထက်မြက်သော ကစားသမားများ မွေးထုတ်ရန်၊ လူငယ်အားကစား သမားများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသော လေ့ကျင့်ရေးစနစ်များ စီစဉ်ချမှတ်ဆောင်ရွက်နိုင်ရန်၊ ဒေသဆိုင်ရာ တိုင်းရင်းသားရိုးရာအားကစားများကို ထိန်းသိမ်း မြှင့်တင်ခြင်းနှင့်အတူ ခေတ်မီအားကစားပြိုင်ပွဲများ ပိုမိုကျင်းပရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အားကစား နည်းအလိုက် ဆပ်ကော်မတီဝင်များအတွက် အမှတ်တရလက်ဆောင်များကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ ကို ပညာသင်ထောက်ပံ့ကြေး၊ စာရေးကိရိယာများနှင့် စားသောက်ကုန်များကိုလည်းကောင်း၊ တိုက်ပွဲရှောင် ဝန်ထမ်းများနှင့် မိသားစုဝင်များအတွက် စားသောက် ကုန်များကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် MSMEs လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်ကုန်များ ပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေး ကွင်းဆင်းကြည့်ရှု

**ပဲခူး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ဥသျှောင်မြို့သစ်(၅)ရပ်ကွက်ရှိ စစ်မှုထမ်းဟောင်း အိမ်ရာ အတွင်းလမ်းသွယ်(၅) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး ပြီး လမ်းသွယ်များအားလုံး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး ဘဏ္ဍာနှစ်အလိုက် တင်ပြ ပေးရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဥသျှောင်မြို့သစ်(၅)ရပ်ကွက်ရှိ အခြေခံ ပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသား ကျောင်းသူ များ ကျောင်းတွင်းစာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှု အားပေးပြီး ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာ လှပစေရေး၊ သတ်မှတ်ထားသည့် ကျောင်းသားနှင့် ဆရာအချိုး လုံလောက်မှုရှိစေရေးနှင့် ခေတ်မီ ကလေး ကစားကွင်းတစ်ခုတည်ဆောက်ပေးရန် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာမများအတွက်



ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်မှုဖြင့် အောက်တိုဘာ ၂ ရက်တွင် ပဲခူးမြို့ ရှေးဟောင်း သမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီး ယာဉ်ရပ်နားဝင်း၌ MSMEs လယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်ကုန်များ ပြပွဲ၊ ပြိုင်ပွဲကျင်းပနိုင်ရေးကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ခင်းကျင်းပြသထား သည့် ဆိုင်ခန်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါ MSMEs လယ်ယာသုံးစက်ကိရိယာ ပစ္စည်းထုတ်ကုန်များ ပြပွဲ၊ ပြိုင်ပွဲတွင် မြို့နယ် ၂၈ မြို့နယ်မှ ထုတ်လုပ်လျက်ရှိသည့် ကောက်စိုက် စက်ကိရိယာအမျိုးမျိုး၊ စပါးအခြောက်ခံစက်၊ ဘက်စုံသုံးခြွေလှေ့စက်အမျိုးမျိုး၊ မျိုးစေ့ချစက် အမျိုးမျိုး၊ ပေါင်းလိုက်၊ ပေါင်းရှင်းကိရိယာအမျိုးမျိုး၊ ဆေးဖျန်းစက်အမျိုးမျိုး၊ စပါးသယ်ယူစက်အမျိုးမျိုး၊ နှမ်းပေါင်ကြီးတင်စက်များ၊ မြေဩဇာချစက်များ၊ ကြံစိုက်စက်များ၊ သဘာဝမြေဩဇာနှင့် ပိုးသတ်ဆေး အမျိုးမျိုး စုစုပေါင်းလယ်ယာသုံးပစ္စည်းနှင့် ဆက်စပ် ပစ္စည်း ၁၅၀ ကျော်ကို ဆိုင်ခန်းပေါင်း ၄၄ ခန်းဖြင့် ခင်းကျင်းပြသသွားမည်ဖြစ်သည့်အပြင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် အကဲဖြတ်အမှတ်ပေးကာ ဆုရရှိသူများကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း နှင့် ရပ်နီး၊ ရပ်ဝေးမှ လာရောက်လေ့လာကြမည့် တောင်သူများကြိုက်နှစ်သက်ပါက ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခရမ်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**ခရမ်း စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ခရမ်း မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲ အခွန်ဥပဒေများအရ လိုက်နာ ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက် မွန်းလွဲ ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးဦးထွန်းကျော်က လုပ်ငန်းရှင်များအား အခွန်ကဏ္ဍ တစ်ရပ်ချင်းအလိုက် သိကောင်း စရာများ၊ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာ



ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင် အခွန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

# မဒေါ့ပင်စံပြကျေးရွာတွင် လျှပ်စစ်သံဂဟေဆက်နည်း သင်တန်းဆင်း

**မြောင်းမြ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်း ဒေသကြီး မြောင်းမြမြို့နယ် မဒေါ့ပင်စံပြ ကျေးရွာတွင် အသက်မွေး ဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ် သံဂဟေဆက်နည်း သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပရာ မြောင်းမြ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေး မှူး ဦးကျော်သူကိုကိုက အမှာ စကားပြောကြားပြီး တာဝန်ရှိသူ များက သင်တန်းတွင် ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်သည်။



ယင်းနောက် ဧရာဝတီတိုင်း ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက် မှ ၃၀ ရက် အထိ စာတွေ့၊ လက်တွေ့ သင်ကြား ပို့ချပေးပြီး ကျေးရွာခုနစ်ရွာမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၈၈ ရက်

သာ လိုတော့သည်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၃၀-၉-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပထမအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၂-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

## တာမွေမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိမဲဆန္ဒရှင်ပြည်သူများအား MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ တတိယအပတ်က တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာ ရပ်ကွက် အောင်မင်္ဂလာခန်းမ၌ ပြုလုပ်သည်။



ဦးစွာ တာမွေမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တာမွေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့ဝင်များ၊ တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အဆင့် MEVM နည်းပြ ဆရာ ဆရာမများက MEVM မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးနိုင်ရေး သင်ကြားပို့ချခြင်း၊ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုထက်**



## ချောင်းဦးမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့မဲပေးသရုပ်ပြ

ချောင်းဦး စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ကိုင်တွယ်အသုံးပြုနည်း လက်တွေ့သရုပ်ပြသပြီး စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အရာရှိ ဒေါ်ဆွေဆွေသန်းတို့က ရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့ပြီး ဒေါ်ဆွေဆွေသန်းက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်း လက်တွေ့သရုပ်ပြသကာ အစည်းအဝေး တက်ရောက်လာသည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

## မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ပထမအကြိမ် မဲစာရင်းများ ကပ်ထားကြေညာ

မိတ္ထီလာ စက်တင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် ပထမအကြိမ် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ စတင်၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ကော်မရှင်ရုံးများတွင် ကပ်ထားကြေညာထားရာ မဲပေးနိုင်သူ ၆၃၇၇၀၈ ဦး ရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက်ပြည့်ပြီးသူတိုင်း မဲပေးနိုင်ရေး ပထမအကြိမ် မဲစာရင်းများ ကပ်ထားကြေညာခြင်းကို မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း မြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ကော်မရှင်ရုံးအသီးသီးတွင် ကပ်ထားကြေညာလျက်ရှိသည်။



ထိုသို့ မဲစာရင်းများ ပထမအကြိမ်ကြေညာရာတွင် မိတ္ထီလာမြို့နယ်၌ မဲပေးနိုင်သူ ၂၁၉၉၅၉ ဦး၊ မလှိုင်မြို့နယ်၌ မဲပေးနိုင်သူ ၁၀၆၄၆၁ ဦး၊ သာစည်မြို့နယ်၌ မဲပေးနိုင်သူ ၁၅၂၄၃၁ ဦး၊ ဝမ်းတွင်းမြို့နယ်၌ မဲပေးနိုင်သူ ၁၅၈၈၅၇ ဦးရှိရာ မိတ္ထီလာခရိုင်၌ ပထမအကြိမ်မဲစာရင်းတွင် မဲပေးနိုင်သူ ၆၃၇၇၀၈ ဦးရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မျိုးဆက်သစ်များ စွမ်းပကားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတည်ဆောက်အံ့

ကိုရင်မောင်

သင်္ချာဘာသာညံ့ခဲ့သော ကျွန်တော့်အား သင်္ချာဆရာမကြီး၏ သင်ကြားပြသပေးမှု အထူးကောင်းမွန်သောကြောင့် ၁၉၇၄ ခုနှစ် အစိုးရစစ်အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း) ကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ခဲ့သည်။ အခြေခံပညာအထက်တန်းကို သိပ္ပံဘာသာတွဲဖြင့် သင်ကြားခဲ့ရာ၌ ကျွန်တော်အကြိုက်ဆုံးဘာသာရပ်မှာ ရူပဗေဒဖြစ်ပြီး ဒုတိယမှာ ဓာတုဗေဒဖြစ်ကာ တတိယက သမိုင်းဘာသာဖြစ်သည်။ သင်ကြားခွင့်ရသည်မှာ သိပ္ပံဘာသာတွဲဖြစ်၍ သမိုင်းမသင်ရတော့ဘဲ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ရူပ၊ ဓာတု၊ ဇီဝဖြင့် ပျော်ပိုက်ခဲ့ပါသည်။

> **အသိပညာ၊ အတတ်ပညာ တိုးတက်ကြွယ်ဝမြင့်မားလာရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးကူညီ ပံ့ပိုးမြှင့်တင်ပေးမှုသည် မဖြစ်မနေလိုအပ်သည်။ အစိုးရက အားပေးကူညီ ဆောင်ရွက်ပေးခြင်းမရှိလျှင် အောင်မြင်စွာ အကောင်အထည်ပေါ်ရန် ခဲယဉ်းသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့် အချိန်ကာလအတွင်း အသိပညာ၊ အတတ်ပညာမြင့်မားရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး၊ လူငယ်နှင့် ပညာရေးကဏ္ဍမြင့်မားရေး၊ ကုန်ထုတ်စွမ်းအား အဆင့်မြှင့်တင်ရေး စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်။ ဘက်စုံကဏ္ဍစုံ၌ ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များအနေဖြင့် ပြည်တွင်း/ပြည်ပတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြသည်။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသည်။ စွန့်ဦးတီထွင် လူငယ်မောင်မယ်များကိုလည်း ပြည်တွင်း/ပြည်ပ၌ ပါဝင်နိုင်ရန် လမ်းဖွင့်ပေးထားသည်။**

ကျွန်တော်၏ ညံ့ဖျင်းသောဝါသနာ အကျင့်စရိုက်အတိုင်း စိတ်ဝင်စားသည့် ရူပဗေဒဘာသာကိုသာ တစိုက်မတ်မတ် လေ့လာပြီး ကျန်ဘာသာရပ်များကို ပေ့ါပေ့ါတန်တန် သဘောထားခဲ့သဖြင့် ၁၉၇၇ ခုနှစ်၌ အခြေခံပညာအထက်တန်း (ဒသမတန်း) ဖြေဆိုသည့်အခါ ဂုဏ်ထူးတစ်ဘာသာဖြင့်သာ အောင်မြင်ခဲ့သည်။ ရူပဗေဒဘာသာရပ်တွင် ဂုဏ်ထူးအမှတ်ရသော်လည်း သင်္ချာတွင် အောင်မှတ် ၄၀ ကျော်နှင့် ကျန်ဘာသာရပ်များတွင် အမှတ် ၅၀ ဝန်းကျင်ရပြီး စုစုပေါင်းအမှတ် ၃၀၀ ကျော်သာရသဖြင့် ကျွန်တော့် ရည်မှန်းချက်နှင့် ဝေးခဲ့ရသည်။ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးသည့်အခါ စိတ်ကူးယဉ်ခဲ့သော ရူပဗေဒပညာရှင်၊ ဓာတုဗေဒပညာရှင်ဖြစ်ရေး အိပ်မက်များမှာ ပျောက်ကွယ်သွားပြီး ဝိဇ္ဇာတွဲဖြင့်သာ ကျရာဘဝ၌ ကြိုးစားအားထုတ်ခဲ့ရသည်။

ကျွန်တော်၏ ကျောင်းနေဖက် အတန်းဖော်သူငယ်ချင်းဖြစ်သူကလည်း ကျွန်တော့်လိုပင် ရူပဗေဒဘာသာရပ်ကို စိတ်ဝင်စားသူဖြစ်ပြီး ဒသမတန်း သိပ္ပံဘာသာတွဲ၌ ဘာသာစုံအမှတ်ကောင်းသဖြင့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ ဝင်ခွင့်ရသော်လည်း ၎င်းစိတ်ဝင်စားသည့် ရူပဗေဒအထူးပြုဘာသာရပ်ကို ရွေးချယ်ပြီး မဟာသိပ္ပံ (ဂုဏ်ထူးတန်း) အထိ သင်ကြားတတ်မြောက်ခဲ့သည်။ သူက ရူပဗေဒပညာရှင်တစ်ယောက်ဖြစ်လိုခဲ့၏။ ပညာကို အပတ်တကုတ်ဆည်းပူးပြီး ရူပဗေဒပညာနှင့် ပျော်မွေ့နေလိုသူဖြစ်၏။ အစိုးရဝန်ထမ်းလည်း မလုပ်လိုသဖြင့် ရူပဗေဒဘာသာ ကျူရှင်ဆရာဖြစ်ခဲ့၏။ နောင်အသက်အရွယ်ရလာပြီး သူငယ်ချင်းဖြစ်သူအကြောင်း စုံစမ်းကြည့်သောအခါ ဝမ်းရေးအတွက် တက္ကစီမောင်းနေသည်ဟုသာ သိလိုက်ရ၏။

## လမ်းဖွင့်ပေးထား

ယနေ့ခေတ် လူငယ်မောင်မယ်များမှာ ကံကောင်းလေစွ။ နိုင်ငံတော်အစိုးရက ပညာရေးကို အားပေးမြှင့်တင်ပေးနေသလို ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များမှာ ကြိုးစားလျှင် ကြိုးစားသလောက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနေ၏။ အခွင့်အရေးများလည်း ရရှိနေသည်ကို တွေ့ရ၏။ နိုင်ငံတော်အကြီးအကဲက နိုင်ငံတွင် ကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ ပညာရေးကို မဖြစ်မနေအားပေး၏။ မသင်မနေရ ပညာရေး၊ အခမဲ့ပညာရေး၊ စဉ်ဆက်မပြတ် ပညာရေးကို မြှင့်တင်ပေး၏။ ပညာကို ပြီးဆုံးအောင် မသင်ကြားနိုင်သော လူငယ်လူရွယ်များအတွက် အနိမ့်ဆုံး KG+9 ပြီးဆုံးလျှင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုသက်မွေးဝမ်းကျောင်းပညာများကို နိုင်ငံတစ်ဝန်းတွင် သင်ယူခွင့်ပေး၏။ ဆက်လက်ကြိုးစားနိုင်လျှင် ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များတွင် ဘွဲ့၊ ဒီဂရီယူနိုင်၏။ အဆင့်မြင့်နည်းပညာများကိုသင်ယူနိုင်သော ပိုလီတက္ကနစ်တက္ကသိုလ်ကိုလည်း ဖွင့်လှစ်ပေးထားပြီဖြစ်သည်။

တစ်ချိန်သော ကျွန်တော်တို့ ခေတ်ကာလက ပညာရေးမူဝါဒနှင့် နိုင်ငံရေးအခြေအနေတို့အရ ပညာရေးတွင် အချိုးအကွေ့များစွာကြုံရသည်။ အစမ်းသပ်ခံပညာရေးစနစ်ဖြင့် အဆင့်မြင့်ပညာကဏ္ဍတွင် အပြောင်းအလဲများစွာ ဖြတ်သန်းခဲ့ရသည်။ ပညာတစ်ပိုင်းတစ်စနှင့် ရပ်တန့်လိုက်ရသူများလည်းရှိသည်။ ရေလိုက်လွဲသူများလည်းရှိသည်။ ဝါသနာပါရာကို သင်ကြားခွင့်မရတော့ဘဲ ကြုံသလို ဖြတ်သန်းကြရသူများလည်း ရှိသည်။ ပညာတတ်လူငယ်များအနေဖြင့် မိမိတို့ဖြစ်လိုသည့် စိတ်ကူးယဉ်အိပ်မက်များကို အပြည့်အဝ ဖော်ဆောင်နိုင်ခွင့်မရခဲ့။ မိမိတို့ စိတ်ဝင်စားသည့်၊ တတ်မြောက်ကျွမ်းကျင်သည့် အသိပညာ၊ အတတ်ပညာဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုး ဖော်ဆောင်ခွင့်ရနိုင်ရန် အခွင့်အလမ်း အလွန်နည်းပါးလှ၏။ ထို့ကြောင့် သင်ကြားခဲ့သည့်ပညာများ အဟောသိကံဖြစ်ရ၏။ သူတစ်ပါးနိုင်ငံကို အကျိုးပြုသူများအဖြစ် ဦးနှောက်ယိုစီးမှုများဖြစ်ခဲ့၏။

## ရောင်နီသန်းလာပြီ

မြန်မာနိုင်ငံသည် သယံဇာတများပေါများကြွယ်ဝပြီး လုပ်နိုင်ကိုင်နိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များလည်း ရှိသည်။ သို့သော် အားပေးကူညီပံ့ပိုးပေးမှု၊ လုပ်နိုင်ကိုင်နိုင်သည့် အခွင့်အလမ်းများ အားနည်းမှုနှင့် တည်ငြိမ်သော နိုင်ငံရေးစနစ် မတည်ဆောက်နိုင်မှုကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်ကို တွေ့ရ၏။ အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် ခေတ်နောက်များစွာကျန်ခဲ့၏။ နိုင်ငံတကာနှင့် တန်းတူလိုက်နိုင်သော တီထွင်ဖန်တီးမှုများမရှိခဲ့။ စက်မှုနှင့် သိပ္ပံနည်းပညာများ တီထွင်ဖန်တီးနိုင်သူ ရှားပါးသွားပြီး အစိုးရကလည်း အားပေးမြှင့်တင်ဆောင်ရွက်ခြင်းမရှိခဲ့သဖြင့် နိုင်ငံတကာတန်းဝင်သည့် Make in Myanmar ထုတ်ကုန်မရှိသလောက်ပင်ဖြစ်၏။ အပ်တိုတစ်ချောင်းသာမက ဝါးတူကိုပင် ပြည်ပမှ တင်သွင်းနေရ၏။ မျက်မှောက်ကာလတွင် ထိုအခြေအနေကို ပြောင်းလဲနိုင်သည့် ရောင်နီများသန်းလာပြီဖြစ်သည်။

အသိပညာ၊ အတတ်ပညာ တိုးတက်ကြွယ်ဝမြင့်မားလာရေးအတွက် နိုင်ငံတော်အစိုးရ၏ အားပေးကူညီ ပံ့ပိုးမြှင့်တင်ပေးမှုသည် မဖြစ်မနေလိုအပ်သည်။ အစိုးရက အားပေးကူညီဆောင်ရွက်ပေးခြင်းမရှိလျှင် အောင်မြင်စွာ အကောင်အထည်ပေါ်ရန် ခဲယဉ်းသည်။ ယနေ့ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေသည့် အချိန်ကာလအတွင်း အသိပညာ၊ အတတ်ပညာမြင့်မားရေး၊ အားကစားကဏ္ဍမြှင့်တင်ရေး၊ လူငယ်နှင့် ပညာရေးကဏ္ဍမြင့်မားရေး၊ ကုန်ထုတ်စွမ်းအား အဆင့်မြှင့်တင်ရေး စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်။ ဘက်စုံကဏ္ဍစုံ၌ ထူးချွန်ထက်မြက်သော လူငယ်မောင်မယ်များအနေဖြင့် ပြည်တွင်း/ပြည်ပတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိကြသည်။ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးသည်။ စွန့်ဦးတီထွင် လူငယ်မောင်မယ်များကိုလည်း ပြည်တွင်း/ပြည်ပ၌ ပါဝင်နိုင်ရန် လမ်းဖွင့်ပေးထားသည်။

## ခေါင်းလောင်းထိုးသံ

သာဓကအားဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် စက်တင်ဘာလ ၁၉ ရက်မှ ၂၁ ရက်နေ့အထိ ကျင်းပခဲ့သည့် ကမ္ဘာ့စက်ရုပ်အိုလံပစ် (WRO) အာရှပစိဖိတ်နိုင်ငံများ ချန်ပီယံရှစ်ပြိုင်ပွဲတွင် AI နည်းပညာကိုအသုံးပြု၍ လျှပ်ဒဏ်သင့်နေရာများ၌ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို အထောက်အကူပြုမည့် စက်ရုပ်ကားကို အကောင်းဆုံးတီထွင်ဖန်တီးနိုင်သည့် မြန်မာနိုင်ငံမှ We are Genius Myanmar အဖွဲ့က ချန်ပီယံ ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါအဖွဲ့မှ ဆုရရှိသည့် မြန်မာကျောင်းသားလူငယ်လေးသုံးဦးမှာ အသက် ၁၁ နှစ်၊ ၁၂ နှစ်အရွယ်မျှသာရှိပြီး ပြိုင်ပွဲအတွက် ပရိုဂရမ်ရေးဆွဲခြင်း၊ စက်ရုပ်တည်ဆောက်ခြင်းတို့ကို တစ်နှစ်ခန့်ကြိုတင်ပြင်ဆင်ခဲ့ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ရာ ပြိုင်ဘက်နာမည်ကြီးနိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ဂျာမနီ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့ကို ဖြတ်ကျော်ပြီး ပထမဆုကို ဆွတ်ခူးရရှိခဲ့သဖြင့် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

ယခု ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" မှ ဖိတ်ခေါ်သည့် ပရောဂျက်ပြိုင်ပွဲတွင် နိုင်ငံတစ်ဝန်းမှ အသက် ၁၄ နှစ်မှ အသက် ၁၆ နှစ်ရှိ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုကြရာ မြန်မာကျောင်းသူတစ်ဦးဖြစ်သည့် မအိမ့်သူသူခင်က တစ်ဦးတည်းသော Winner အဖြစ် အောင်မြင်မှုရရှိခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ အဏုမြူစွမ်းအင်သုံး ရေခဲခွဲသင်္ဘောကြီးပေါ်၌ မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကျောင်းသား ကျောင်းသူများနှင့်အတူ သွားရောက်လေ့လာခွင့်ရခဲ့သည်။ မြန်မာလူငယ်မောင်မယ်များ လုပ်နိုင်သည်ဆိုသည့် သက်သေသာဓကအချို့သာဖြစ်သည်။ အခွင့်အလမ်းနည်းပါးသော်လည်း အိပ်မက်ကြီးကြီး မက်ရဲလျှင်၊ ကြိုးစားအားထုတ်မှုရှိလျှင် ကမ္ဘာ့အဆင့်ကိုပင် ရောက်နိုင်သည်ဆိုသည့် နမူနာများပင်ဖြစ်သည်။ မြန်မာနိုင်ငံ အနာဂတ်အတွက် မိုးသောက်ရောင်ခြည် ခေါင်းလောင်းထိုးသံဖြစ်၏။

ဤသို့သော ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်၊ ကျောင်းသား ကျောင်းသူများ မြန်မာနိုင်ငံတွင် များစွာရှိ၏။ ကျောင်းသားအရွယ် မြန်မာလူငယ်လူရွယ်လေးများမှာ ဉာဏ်ရည်ထက်မြက်ကြ၏။ မိဘအုပ်ထိန်းသူများနှင့် ပတ်ဝန်းကျင်က တည့်မတ်ပေးပြီး နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ပေးလျှင် နိုင်ငံအနာဂတ်အတွက် အားထားရမည့်အရင်းအမြစ်ကောင်းများ ရရှိမည်ဖြစ်သည်။ **"ယနေ့လက်ရှိ နိုင်ငံတော်အကြီးအကဲက ပညာရေးကို အားပေးတယ်။ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူတွေကို တန်ဖိုးထားတယ်။ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုတယ်။ လူငယ်တွေကို လမ်းဖွင့်ပေးတယ်။ သူကိုယ်တိုင်လည်း နိုင်ငံအနာဂတ်အတွက်၊ အနာဂတ်လူငယ်တွေအတွက် နိုင်ငံတကာကအကူအညီတွေ ရှာဖွေပေးတယ်။ လိုအပ်တာကတော့ဗျာ အားလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲလုပ်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ထိပ်တန်းနိုင်ငံဖြစ်လာမှာ သေချာပါတယ်ဗျာ"** ဟု ကျွန်တော်၏မိတ်ဆွေပြောစကားကို သတိရမိသည်။

## ပညာရှင်များလိုအပ်

လက်တွေ့တွင်လည်း နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်၊ ပြည်ထောင်စုကြီးအကျိုးအတွက်၊ မျိုးဆက်သစ်များ၏အနာဂတ်အတွက် နေ့မအား၊ ညမနား အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်နေသည့် စေတနာကို တွေ့မြင်ရသည်။ ယခု စက်တင်ဘာလ ၂၅ ရက်မှစတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့သို့ အလုပ်သဘောခရီးသွားရောက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲအနေဖြင့် အလုပ်သဘောခရီးစဉ်အတွင်း ဆွေးနွေးပွဲများနှင့် နိုင်ငံ့ခေါင်းဆောင်များအား တွေ့ဆုံစဉ် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာတတ်လူငယ်လူရွယ်များ အခန်းကဏ္ဍကို အလေးထားပြောကြားခဲ့၏။ ပြောကြားခဲ့သည်များအနက် အချို့ကို အနှစ်ချုပ်ကောက်နုတ်ဖော်ပြလိုသည်။

စက်တင်ဘာလ ၂၅ ရက်နေ့က မော်စကိုမြို့၌ကျင်းပသည့် **"လူငယ်နှင့်အနာဂတ် မြန်မာ-သိပ္ပံနှင့် နည်းပညာ"** ခေါင်းစဉ်ဖြင့် သိပ္ပံပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ယာယီသမ္မတက **"မြန်မာနိုင်ငံ၌ နယ်ပယ်အလိုက် ပညာရှင်များစွာ လိုအပ်နေကြောင်း၊ လူငယ်များကို အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ် သတ်မှတ်ထားကြောင်း၊ မြန်မာနိုင်ငံ၌ နယ်ပယ်အလိုက် ပညာရှင်များစွာ လိုအပ်လျက်ရှိကြောင်း"** ပြောကြားခဲ့သည်။

စာမျက်နှာ ၉ သို့ ◆

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တောင်ကြီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**တောင်ကြီး စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် လွယ်တော်ကျေးရွာအုပ်စု နားဟစ်ကျေးရွာရှိ ထီလိတ်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် တောင်ကြီးမြို့နယ် ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ ကျေးရွာများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တောင်ကြီးမြို့နယ်ရှိ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ဦးစားပေးကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မိုင်းပျဉ်းကျေးရွာအုပ်စု ဆော်တောကျေးရွာအနီးရှိ ပျူဒဂ်ါးကုမ္ပဏီလီမိတက်၏ ပြောင်းအခြောက်ခံစက်ရုံကိုလည်းကောင်း၊ နန်းဟောင်းကျေးရွာအုပ်စု နန်းဟောင်းကျေးရွာရှိ နန်းဟောင်းရေကန်ကိုလည်းကောင်း၊ နန်းဟူးကျေးရွာအုပ်စု ပလီလင်းကျေးရွာရှိ တောင်ကြီး-စလဲ-လဲသက်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**



# ဒုတိယဝန်ကြီး ဦးရဲတင့် အင်းစိန်မြို့နယ်ရှိ ပုံနှိပ်စက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအောက် ပုံနှိပ်စက်ရုံများသို့ ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ရောက်ရှိပြီး စက်ရုံမှူးများနှင့် အရာထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ဆက်လက်၍ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံနှင့် အောင်ဆန်း ပုံနှိပ်စက်ရုံတို့တွင် ရွေးကောက်ပွဲဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ၊ ကျောင်းသုံးစာအုပ်နှင့် ဌာနဆိုင်ရာများမှ အပ်နှံသည့် ပုံနှိပ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား အမှားအယွင်း ချို့ယွင်းအားနည်းချက်မရှိအောင် အဆင့်ဆင့်စိစစ်ဆောင်ရွက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီပြီးစီးရေးနှင့် စက်ရုံသန့်ရှင်းရေး၊ ပုံနှိပ်စက်များ ရေရှည်အသုံးပြုနိုင်အောင် ပြုပြင်ထိန်းသိမ်းရေး၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ **စာမျက်နှာ ၈ မှ**

ဆက်လက်၍ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ စွမ်းအင်ဆိုင်ရာ၊ စက်မှုနည်းပညာဆိုင်ရာ၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ နယ်ပယ်တွေမှာ ပညာရှင်တွေများစွာ လိုအပ်နေပါတယ်။ အဲဒီလိုပဲ ပြည်တွင်းမှာ အလုပ်လုပ်နိုင်တဲ့ အရွယ် လူဦးရေအချိုးအစား များပြားပေမယ့် စက်မှု၊ စိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်ချက်ရှိနေဆဲဖြစ်ပါတယ်"**ဟု ပြောကြားခဲ့သည်။

**ဖိဖိစီးစီးလုပ်ဆောင်**

ထို့ကြောင့် လူငယ်များအား ဝေဖန်ပိုင်းခြားတွေးခေါ်တတ်မှု၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်မှု၊ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မှု၊ စုပေါင်းဆောင်ရွက်နိုင်မှု စွမ်းရည်များအပြင် စူးစမ်းလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်၊ ကျိုးကြောင်းဆီလျော်စွာ ဝေဖန်ပိုင်းခြားနိုင်စိတ်၊ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ရှင်သန်ကိန်းအောင်းလာစေရန် ညီလာခံများ၊ အလုပ်ရုံဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဟုလည်း ပြောကြားခဲ့သည်။ အသိဉာဏ်ပညာနှင့် ပြည့်စုံသည့် လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး၊ အသိပညာ၊ အတတ်ပညာစွမ်းရည်များနှင့်ပြည့်စုံပြီး အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်တည်လာစေရေး လူငယ်များကို နိုင်ငံ့အနာဂတ်ပဲ့ကိုင်ရှင်များအဖြစ်သတ်မှတ်ကာ နိုင်ငံသားတိုင်းအားလုံးက လူငယ်စွမ်းရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိဖိစီးစီးလုပ်ဆောင်ရမည်ဟု နိုင်ငံတော်ယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။

ထို့အတူ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် သိပ္ပံနည်းပညာများကို မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး မိမိတို့တတ်ကျွမ်းသည့် ပညာရပ်ဖြင့် နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများတွင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကာ သင်ကြားပေးလိုက်သည့် ခေတ်မီနည်းပညာများကိုလည်း နိုင်ငံအတွင်း၌ ထိရောက်စွာ အသုံးချနိုင်ရေး၊ နိုင်ငံ့အကျိုးစီးပွားအတွက် လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဟု နိုင်ငံတော်ယာယီသမ္မတက တိုက်တွန်းပြောကြားခဲ့သည်။ နိုင်ငံတော်ယာယီသမ္မတက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုက်တွန်းပြောကြားပြီးနောက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာလ ၂၅ ရက်နေ့က ကျင်းပသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်၏ **"နည်းပညာသစ်မွေးဖွားခြင်းမှ ကမ္ဘာသစ်အမြင်ဆီသို့"** ခေါင်းစဉ်ဖြင့် ပြုလုပ်သော မျက်နှာစုံညီထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံ၌ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်ကိစ္စကို ဆွေးနွေးခဲ့သည်။

**စေတနာနှင့်အားထုတ်မှု**

**"မြန်မာနိုင်ငံမှာ အငယ်စားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ဖို့အတွက် လိုအပ်တဲ့ နျူကလီးယားအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားအရင်းအမြစ်များနဲ့ အခြားလိုအပ်သည့်လုပ်ငန်းတွေကို ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့ ROSATOM တို့က တတ်နိုင်သမျှ ဆက်လက်ကူညီပေးဖို့ မေတ္တာရပ်ခံလိုပါတယ်"** ဟု နိုင်ငံတော်ယာယီသမ္မတက ပြောကြားခဲ့သည်။ ထို့အပြင် **"အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း မြန်မာနိုင်ငံရဲ့ နျူကလီးယားစွမ်းအင် အကောင်အထည်ဖော်ရာမှာ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကူအညီပေးဖို့ မေတ္တာရပ်ခံလိုပြီး ဖိုရမ်သို့ တက်ရောက်လာတဲ့ နိုင်ငံများနဲ့လည်း နျူကလီးယားနည်းပညာကဏ္ဍနဲ့ပတ်သက်လို့ သင့်လျော်ရာ Sector တွေမှာ ပူးပေါင်းဆောင်ရွက်လိုပါတယ်"**ဟု ယာယီသမ္မတက ပြောကြားခဲ့သည်။

စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံတော်ယာယီသမ္မတနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Space Corporation "Roscosmos" ညွှန်ကြားရေးမှူးချုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား အာကာသနည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာ ကိစ္စရပ်များ စသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ နိုင်ငံအကျိုးပြုရေးတွင် တစ်တပ်တစ်အား ပါဝင်နိုင်ရန် ထားရှိသောစေတနာနှင့် ကြိုးပမ်းအားထုတ်မှုများကို ကျွန်တော်တို့အားလုံး မျက်ဝါး ထင်ထင်မြင်တွေ့ကြရပြီဖြစ်သည်။

**"ကျွန်တော်တို့ လူငယ်ဘဝက စိတ်ကူးအိပ်မက်များကို လက်တွေ့အကောင်အထည် မဖော်နိုင်ခဲ့သော်လည်း ယနေ့ခေတ်လူငယ်များဘဝတွင် မျှော်လင့်ချက်များ၊ အခွင့်အလမ်းများ များစွာရှိနေပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြသောဆန္ဒ၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများကြောင့် အနာဂတ်ကာလတွင် မျိုးဆက်သစ် လူငယ်များ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြမည်"**

**လူငယ်စွမ်းပကား**

မျိုးဆက်သစ်လူငယ်မောင်မယ်များနှင့် လူ့စွမ်းအားအရင်းအမြစ်များကလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေရပြီ။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့ဂုဏ်မြင့်မားတိုးတက်ရေးအတွက် အစိုးရတစ်ရပ်တည်းဖြင့် ဆောင်ရွက်၍မရပေ။ နိုင်ငံသူ နိုင်ငံသားများကလည်း တက်ညီလက်ညီ ကျရာကဏ္ဍမှ ကြိုးပမ်းထမ်းဆောင်ကြရမည်။ ၈၈ မတိုင်မီ ကျွန်တော်တို့လက်ထက် အစိုးရကသူ့အလုပ်သူလုပ်၊ ပြည်သူများကလည်း သင့်သလိုနေထိုင်ခဲ့ကြ၍ အစိုးရနှင့်ပြည်သူ တစ်သားတည်းမရှိ။ နိုင်ငံတိုးတက်ရေးနှင့် အလှမ်းဝေးခဲ့သည်။ ပြည်တွင်း/ပြည်ပ ပယောဂအမျိုးမျိုးတို့ ပူးကပ်လာသည့်အခါ တိုင်းပြည်ပင် ပြိုလဲလုမတတ်ဖြစ်ခဲ့ရသည်။

**ကျွန်တော်တို့လူငယ်ဘဝက စိတ်ကူးအိပ်မက်များကို လက်တွေ့အကောင်အထည်မဖော်နိုင်ခဲ့သော်လည်း ယနေ့ခေတ်လူငယ်များဘဝတွင် မျှော်လင့်ချက်များ၊ အခွင့်အလမ်းများ များစွာရှိနေပြီဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြင်းပြသောဆန္ဒ၊ မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယများကြောင့်** အနာဂတ်ကာလတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြမည်ဟု ယုံကြည်မိပါသတည်း။ ။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ကြေညာ

**ထားဝယ်**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် မဲဆန္ဒရှင်စာရင်းများ ဖြစ်သော ပုံစံ (၁)၊ (၁-က) များကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။

မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ (၁၄) ရက်အကြာ ကြေညာထားမည်ဖြစ်သည်။

အဆိုပါ မဲစာရင်းများကို ကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါကပုံစံ(၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လိုအပ်သောပုံစံများကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးများတွင် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**သန်လျင်**

သန်လျင်ခရိုင် သန်လျင်မြို့နယ်၌ မဲစာရင်းများကို ပထမအကြိမ် ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စတင်ကပ်ထားကြေညာထားကြောင်းသိရသည်။

**သန်းဝင်း(သန်လျင်)**



**တန့်ယန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ကြေညာထားရာ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများအလိုက် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်မျိုးထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသခဲ့ကြောင်းနှင့် မြို့မရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စုတို့၏ မဲရုံစုစုပေါင်း ၆၀ တွင် အများပြည်သူများ သိရှိနိုင်ရန် အောက်တိုဘာ ၁၃ ရက်အထိ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**



**ရန်ကုန်**

ကမာရွတ်ခရိုင် ဗဟန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ၏ မဲစာရင်းများကို ပထမအကြိမ် ရပ်ကွက်များအလိုက် ကပ်ထားကြေညာခြင်းကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက စတင်ကပ်ထားလျက်ရှိသည်။

ရပ်ကွက်အလိုက်မဲစာရင်းများ ကပ်ထားကြေညာထားရှိမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်အိမြတ်ဖြူတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဗဟန်းမြို့နယ်တွင် ရပ်ကွက်ပေါင်း ၂၂ ရပ်ကွက်အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေးအတွက် မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



**ဝါးခယ်မ**

ဝါးခယ်မမြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်စေရေးအတွက် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် မဲစာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ကပ်ထားကြေညာပေးရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

မြို့နယ်အတွင်းရှိ ပြည်သူများ ပထမအကြိမ်မဲစာရင်းများ ကပ်ထားမှုကိုသိရှိနိုင်စေရေး အသိပေးကြေညာမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းများကို စက်တင်ဘာ ၃၀ ရက်မှစတင်၍ ၁၄ ရက်ကြာ ကပ်ထားကြေညာပေးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ထားကြေညာနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ပြန်/ဆက်)**



**ဒေးဒရဲ**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့် ရှိသည့် အသက်(၁၈)နှစ်နှင့်အထက် ပြည်သူများ၏ မဲစာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင်ပထမ အကြိမ်အဖြစ် ကပ်ထားကြေညာထားရှိမှုများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ဖျာပုံခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန့်ဇင်လတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **အေဇာလင်း**

**ကျုံပျော်**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်စေရေးအတွက် မဲစာရင်းများကို ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှ စတင်ကပ်ထားကြေညာပေးရာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

ထိုသို့ဆောင်ရွက်ရာသို့ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးလျက်ရှိသည်။ ကျုံပျော်မြို့နယ်အတွင်း ပထမအကြိမ် မဲစာရင်းအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ အမျိုးသား ၆၇၉၇၈ ဦး၊ အမျိုးသမီး ၇၈၆၇၇ ဦး စုစုပေါင်း ၁၄၆၆၅၅ ဦး ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**အောင်လံ**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိစေရန်အတွက် မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းမှစ၍ ထုတ်ပြန်ကြေညာထားသည်။

ထိုသို့ မဲဆန္ဒရှင်စာရင်းကပ်ထားရာနေရာများသို့ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာ မဲဆန္ဒရှင်များ၏ မဲစာရင်းလာရောက်ကြည့်ရှုနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ရေး**

မွန်ပြည်နယ် ရေးမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်အလိုက် မဲဆန္ဒရှင်စာရင်းများဖြစ်သော ပုံစံ(၁)၊ (၁-က)များကို စက်တင်ဘာ ၃၀ ရက်နံနက်ပိုင်းက ကပ်ထားကြေညာလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုကြသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများအား ပြည်သူများလာရောက်ကြည့်ရှုနေမှုကို ရေးမြို့နယ် တပ်နယ်မှူး ဗိုလ်မှူးကြီးကောင်းဇော်မြင့်၊ (ခေတ္တ)ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဇင်လတ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်မျိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိဦးအောင်ကိုလတ်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



စာမျက်နှာ ၁၁ သို့ ✪

✪ စာမျက်နှာ ၁၀ မှ

**တောင်ကြီး**



၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြုလုပ်မည့် အထွေထွေ ရွေးကောက်ပွဲတွင် လွှတ်တော် မဲဆန္ဒနယ်အသီးသီးရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် စာရင်းများကို ပထမအကြိမ်အဖြစ် စက်တင်ဘာ ၃၀ ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် တပ်ရင်းတပ်ဖွဲ့များ၌ ကြေညာထားသည်။

နံနက်ပိုင်းတွင် တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းဘမြင့်၊ အတွင်းရေးမှူး ဦးခွန်မြတ်ဆန်းထွန်းနှင့် အဖွဲ့ဝင်များသည် သစ်တောရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်၊ မြို့မရပ်ကွက်၊ ညောင်ဖြူစခန်း ရပ်ကွက်နှင့် ကန်ရှေ့ ရပ်ကွက်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို သက်ဆိုင်ရာ ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြေညာထားမှုအား လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးသည်။

တောင်ကြီး မြို့နယ်တွင် ရပ်ကွက် ၅၁ ခု၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၃၄၆၄၄၆ ဦး၊ မဲရုံပေါင်း ၁၉၀ ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံအလိုက် ကျေးရွာခွဲများ၌ ကပ်ထားကြေညာခဲ့သည်။

ထိုသို့ ကပ်ထားကြေညာရာတွင် မဲဆန္ဒရှင်ပြည်သူများ ကြည့်ရှုနေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးသည်။

ညောင်တုန်းမြို့နယ်အတွင်း ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုတို့တွင် မဲဆန္ဒရှင်စုစုပေါင်း ၁၄၅၅၄၈ ဦးရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ ပထမအကြိမ်ထုတ်ပြန်ကြေညာခြင်းကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများ၌ စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းကဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးကိုနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက လာရောက်ကြည့်ရှုကြသည်။

လက်ပံတန်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၅၂ ရုံနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၀၈၄၄၀ ရှိပြီး နိုင်ငံရေးပါတီ ခုနစ်ပါတီမှ ကိုယ်စားလှယ်လောင်း ၁၉ ဦး ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးနိုင်ရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မအူပင်မြို့နယ်အတွင်း အသက် ၁၈ နှစ်အထက် မဲပေးနိုင်သူများအား စက်တင်ဘာ ၃၀ ရက်နံနက်ပိုင်းက ပထမအကြိမ်မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ကြေညာသည်။

မအူပင်မြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၆ အုပ်စုရှိပြီး မဲပေးနိုင်သည့်မဲဆန္ဒရှင် ၂၁၂၄၉၂ ဦး ရှိသည်။

အဆိုပါ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်ကြေညာထားရှိမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



**ကျောင်းကုန်း**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အသက် ၁၈ ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ခွင့်ရှိစေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်းများကို ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများ၌ စက်တင်ဘာ ၃၀ ရက် နံနက် ၆ နာရီမှစတင်၍ ပထမအကြိမ်အဖြစ် ထုတ်ပြန်ကြေညာထားသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းကပ်ထားရာနေရာသို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





**ဟိုပုံး**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီမှစတင်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာများတွင် ပထမအကြိမ်ကပ်ထားကြေညာသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားမှုကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခွန်စိန်သန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်လင်းကြည်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိုကိုလင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခွန်ဘဝင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်ကျော်သူတို့က ရပ်ကွက်နှင့် ကျေးရွာအုပ်စုအလိုက် လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကြီးကြပ်ဆောင်ရွက်သည်။

ဟိုပုံးမြို့နယ်၌ မြို့ပေါ်ရပ်ကွက်ခြောက်ခုနှင့် ကျေးရွာအုပ်စု ၂၂ အုပ်စုတို့တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၇၀၇၄၀ ရှိပြီး လျာထားမဲရုံပေါင်း ၇၈ ရုံရှိကြောင်း သိရသည်။ **ပအိုဝ်းဒေသ(ပြန်/ဆက်)**



**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မဲဆန္ဒနယ်မှ မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက သက်ဆိုင်ရာ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာများ၌ နံရံကပ်ဘုတ်များဖြင့် ကြေညာပေးထားသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များက မဲရုံများအလိုက် လိုက်လံကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဒီပါလင်း**



ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သက်တင်တို့ စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာမဲဆန္ဒရှင်များ မဲစာရင်းလာရောက် ကြည့်ရှုနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ အောင်မြင့်(ပန်းတောင်း)

**အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့**

**INTERNATIONAL DAY OF OLDER PERSONS**

**ဘဝချမ်းသာအခွင့်အရေးများရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး**

**" Older Persons Driving Local and Global Action: Our Aspirations, Our Well-Being, Our Rights"**

**၁.၁၀.၂၀၂၅ နေပြည်တော်**

# သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက်ပေးနိုင်ကြပါရန် တိုက်တွန်း

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၂/ ၂၀၂၅)**

ယနေ့ကမ္ဘာကြီးတွင် သက်ကြီးပုဂ္ဂိုလ် အရေအတွက်သည် နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာသည့်အတွက် ၎င်းတို့၏ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရများက သတိပြုလာကြပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သည့် လူမှုအထောက်အပံ့များအပါအဝင် ကိုယ်စိတ်နှစ်ဖြာအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လုံလောက်သော လူနေမှုအဆင့်အတန်းကို ရပိုင်ခွင့်ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းမပြုနိုင်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် ဘဝလုံခြုံမှု ရပိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။

ထို့ပြင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန်အလို့ငှာ ၁၉၉၁ ကုလသမဂ္ဂ သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခြေခံမူများ အပါအဝင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ဒေသတွင်းကြေညာစာတမ်းများတွင်လည်း သက်ကြီးပုဂ္ဂိုလ်များအား ခွဲခြားဆက်ဆံခံရမှုမရှိစေဘဲ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ တန်းတူညီမျှမှု၊ ကျန်းမာရေး၊ လူမှုအာမခံ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်၊ မိသားစုအခြေပြုစောင့်ရှောက်မှုစသည့် အခွင့်အရေးများကို ဖော်ပြထားသည်။

သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို မြှင့်တင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံသည် နှစ်စဉ်အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် ၁၉၉၀ ပြည့်နှစ်တွင် စတင်သတ်မှတ်ခဲ့ပြီး နှစ်စဉ် ဦးတည်ချက်ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ “Older Persons Driving Local and Global Action: Our Aspirations, Our Well-Being and Our Rights” (ဘဝချမ်းသာ အခွင့်အရေးများ ရရှိရေး သက်ကြီးသူများ ဦးဆောင်ပါဝင်ပေး) ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) တွင် နိုင်ငံတော်သည် အိုမင်းမစွမ်းသူများကို ကြည့်ရှုစောင့်ရှောက်ရန် ပြဋ္ဌာန်းထားပြီး ၂၀၁၆ ခုနှစ် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၌လည်း အသက် ၆၀ နှစ်နှင့်အထက် မြန်မာနိုင်ငံသားအားလုံးကို အထူးစောင့်ရှောက်မှုများ ရရှိစေရန်၊ သဘာဝဘေးအန္တရာယ်များနှင့် ကပ်ရောဂါများဖြစ်ပွားချိန်၌ သက်ကြီးပုဂ္ဂိုလ်များအတွက် အထူးအလေးထားဆောင်ရွက်ရန်စသည်တို့ကို ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သည် သက်ကြီးပုဂ္ဂိုလ်များအား ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဖူလုံရေး ထောက်ပံ့မှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကလည်း သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို မြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် သင်ခန်းစာများ ပို့ချလျက်ရှိပြီး ကော်မရှင် ဥပဒေ ပုဒ်မ ၄၃ နှင့် ၄၄ တို့အရ ဘိုးဘွားရိပ်သာများ၊ သက်ကြီးပုဂ္ဂိုလ်နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများသို့ သွားရောက်ပြီး ၎င်းတို့ အား လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့် အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်းရှိမရှိတို့ကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဌာနများသို့ အကြံပြုချက်များ ပေးပို့လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ်အတွင်း ဘိုးဘွားရိပ်သာရှစ်ခုနှင့် သက်ကြီးပုဂ္ဂိုလ် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ တစ်ခုတို့ကို သွားရောက်ကြည့်ရှုခဲ့သည်။

သက်ကြီးပုဂ္ဂိုလ်များသည် ၎င်းတို့၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ၊ အတတ်ပညာ၊ အသိပညာစွမ်းဆောင်ရည်များဖြင့် မျိုးဆက်သစ်များအတွက် လူမှုစီးပွားဘဝ တည်ဆောက်ရေး ကဏ္ဍစုံတွင် ဦးဆောင်ပါဝင်ကြရန်နှင့် သက်ဆိုင်သူများအားလုံးက သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက်ပေးနိုင်ကြပါရန်တိုက်တွန်းလျက် ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုအပ်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသ

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူး၍ မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ကျောက်ရေတွင်းရပ်ကွက် ဣန္ဒာသယဘိုကလေး ကျောင်းတော်၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်ငွေစံ ဦးဆောင်ကြီးကြပ်၍ ဆေးရုံအုပ်ချုပ်စီမံသူများ၊ မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးမင်းထွန်းနှင့် ဝန်ထမ်းများ၊ ခွဲစိတ်အထူးကုဆရာဝန် လေးဦး၊ ကလေးအထူးကုဆရာဝန် နှစ်ဦး၊ သားဖွားမီးယပ်အထူးကု ဆရာဝန် နှစ်ဦး၊ အထွေထွေ (ဆီးချိုနှင့် ဟော်မုန်း) အထူးကုဆရာဝန် လေးဦး၊ သူနာပြုအုပ်ကြီးနှင့် အဖွဲ့သည် သာသနာ့နွယ်ဝင်များနှင့် ပြည်သူ ၅၂၇ ဦးတို့အား အထွေထွေရောဂါ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ တီဘီရောဂါတို့ကို ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

# ဖျာပုံမြို့၌ ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်

**ဖျာပုံ စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးဆောင်၍ ခရိုင်အတွင်းရှိ အသေးစား ကုန်ထုတ်လုပ်ငန်းရှင်များအား အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာများ မျှဝေရန်နှင့် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ဖျာပုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ခန်းမ၌ ကျင်းပသည်။



အဆိုပါ ဒစ်ဂျစ်တယ် အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လတ်လတ်ဝင်းက ခရိုင်အတွင်းရှိ အသေးစား ကုန်ထုတ် လုပ်ငန်းရှင်များအား အွန်လိုင်းမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပညာများ မျှဝေရန်နှင့် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အုတ်ဖိုမြို့နယ်၌ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းဆောင်ရွက်

**အုတ်ဖို စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ငါးလုပ်ငန်းစခန်းမှ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးရိက္ခာဖူလုံရေး၊ ငါးသယံဇာတ ပေါကြွယ်ဝရေးအတွက် ဂမုန်းချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်းကို ယနေ့နံနက် ၈ နာရီခွဲက ဂုံညင်းတန်းအုပ်စု ဂုံညင်းတန်းကျေးရွာထိပ်ရှိ မင်းလှရေလှောင်တမံ လယ်ယာတူးမြောင်းခွဲ၌ ကျင်းပသည်။

**ငါးသားပေါက်ကောင်ရေ ၁၄၀၀၀၀ စိုက်ထည့်**

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း လုပ်ငန်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ မြို့နယ် ငါးလုပ်ငန်း စခန်းတာဝန်ခံ ဒေါ်မိုးသီတာနှင့် ဝန်ထမ်းများ တက်ရောက်ပြီး နှစ်လက်မအရွယ် ငါးမြစ်ချင်းကောင်ရေ ၃၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀၀ နှင့် ငါးဖန်းမကောင်ရေ ၁၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၄၀၀၀၀ စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **အောင်သူ (ပြန်/ဆက်)**



# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ထိထိရောက်ရောက် နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် နီပေါနိုင်ငံသား ခုနစ်ဦး၊ တောင်အာဖရိကနိုင်ငံသား လေးဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ သီရိလင်္ကာနိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၄၃၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၂၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မြန်အောင်မြို့နယ်၌ မြေပဲစိုက်ပျိုးမှုနှင့် မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

မြန်အောင် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် "ထူးမေတ္တာ"နှင့် "ခေတ္တာ" စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများ၏ မြေပဲစိုက်ပျိုးနေမှုနှင့် မိုးစပါးရိတ်သိမ်းနေမှုတို့ကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးမင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

ဦးစွာ မြန်အောင်မြို့နယ် ကညင်ငူအုပ်စု ကာစီကွင်းကျေးရွာတွင် "ထူးမေတ္တာ" စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများအား Ruma Organic Co.,Ltd.ဧရာဝတီတိုင်းဒေသကြီး တာဝန်ခံ ဦးဝင်းဗိုလ်က Ruma Organic သုံးစွဲပုံနည်းပညာများ ရှင်းလင်းပြောကြားပြီး တောင်သူ ဦးအောင်စိုး၏ မြေပဲ ငါးဧကစိုက်ကွင်းတွင် မြေပြုပြင်ခြင်း၊ Ruma Organic ဆေးပက်ဖျန်းခြင်းတို့ကို တိုင်းဒေသကြီး သမဝါယမဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဇီးဖြူကုန်းကျေးရွာအုပ်စု "ခေတ္တာ" စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းသား တောင်သူ ဦးနိုင်ထူး၏ လယ်မြေ ၁၂ ဧကတွင် အောင်နိုင်တိုး မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးကြသည်။

မြန်အောင်မြို့နယ် သမဝါယမအသင်းများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးစပါး ဧက ၃၂၀၀ စိုက်ပျိုးခဲ့ပြီး ဆီထွက်သီးနှံစိုက်ပျိုးရေးစီမံကိန်းအရ မြေပဲဧက ၂၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)

## ကျွန်းစုမြို့၌ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းစစ်ဆေး

ကျွန်းစု စက်တင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျွန်းစုမြို့ ပဲယာကျေးရွာသို့ သွားရောက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးထားသည့် မိုးစပါးစိုက်ခင်းများကို ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်စိမ့်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌတို့က မိုးစပါးစိုက်ပျိုးသည့် အဆိုပါ ပဲယာကျေးရွာရှိ အသင်းသားတောင်သူ ဦးကြည်လင်း စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများမှ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှုခဲ့ကြကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

## သန်လျင်မြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးသော မိုးစပါးစံကွက်ရိတ်သိမ်း

သန်လျင် စက်တင်ဘာ ၂၀

သန်လျင်ခရိုင် သန်လျင်မြို့နယ်ရှိ သပြေကန်ကျေးရွာတွင် မိုးစပါး မျိုးစေ့ချကိရိယာ Seeder ဖြင့်စိုက်ပျိုးထားရှိသော စံပြကွက်တောင်သူ ဦးကျော်မျိုးသူ၏ မော်ဘီ (၃)စပါးအမျိုးအစား စိုက်ဧက ၇ ဒသမ ၂၆ ဧကကို ယနေ့နံနက်ပိုင်းက စံကွက်ရိတ်သိမ်းသည်။ ထိုသို့ ရိတ်သိမ်းရာတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင်နိုင်နှင့်အဖွဲ့၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးအေးဝင်းစိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်စိုက်ကြပ်အဖွဲ့ဝင်များ၊ တောင်သူများက ကြည့်ရှုအားပေးကြပြီး အဆိုပါလယ်မြေမှ စပါးအစို ၁၄၀ ဒသမ ၂ တင်း၊ အခြောက် ၁၁၄ ဒသမ ၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



## အုတ်တွင်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်စေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းပညာဆွေးနွေး

အုတ်တွင်း စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းပညာဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ဝါးတီးကျေးရွာရှိ ဘုန်းတော်ကြီး ကျောင်းဝင်း၌ ပြုလုပ်သည်။



အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေး/ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က အုတ်တွင်းမြို့နယ်အနေဖြင့် သီးနှံစုံစိုက်ပျိုးပြီး စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သကဲ့သို့ တစ်ဖက်တွင်လည်း စားသုံးသူများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်လျော့ကျကင်းစင်စေရေးကို အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်သီးနှံ ထုတ်ကုန်များပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်စေရေး အားလုံးပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ဆန်းဦးက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် သီးနှံကာကွယ်ရေး(မျိုး/မြေ) တာဝန်ခံက ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် ဆောင်ရွက်ရမည့်အချက်များ၊ သီးနှံများတွင် ကျရောက်တတ်သော ပိုးမွှားနှင့် ရောဂါများအတွက် ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို အသုံးပြု၍ ကာကွယ်နှိမ်နင်းနည်းများ၊ ပိုးသတ်ဆေး ရွေးချယ်မှု မှန်ကန်စေရေးနှင့် စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

ခင်ခင်မာ(ပြန်/ဆက်)

## ဘုတ်ပြင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်းပွဲ ကျင်းပ

ဘုတ်ပြင်း စက်တင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဆင်းပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် စံပြထူးချွန်ဆု၊ မီးသတ်ပညာထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များရရှိသည့် သင်တန်းသားများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းကို ရပ်ကွက်ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မန္တလေးတက္ကသိုလ်ရာပြည့်ပွဲတော်ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတက္ကသိုလ်၌ မန္တလေးတက္ကသိုလ်ရာပြည့်သဘင်ပွဲတော်ဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှုကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ပင်မဆောင်နှင့် ဘွဲ့နှင်းသဘင်ခန်းမတို့ကို ပြန်လည်ပြုပြင်တည်ဆောက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများ မှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။




မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms.Noriko Takagi အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငလျင်အလွန်ကာလ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံတွင် UNHCR ၏ လုပ်ငန်းများဆောင်ရွက်နေမှု၊ ငလျင်ဘေးသင့်သူများအတွက် UNHCR မှ ကူညီထောက်ပံ့ပေးနေမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မန္တလေးမြို့ရှိ ငလျင်ကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ငလျင်ကြောင့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၌ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ သမိုင်းဝင်ရွှေကြက်ကျ ဆုတောင်းပြည့်စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာရွှေ့ပြောင်း ကျောင်းသား ကျောင်းသူများအား အတန်းနေရာချထားမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ ရွှေ့ပြောင်း ကျောင်းသားကျောင်းသူများအား အတန်းနေရာချထားမှု (Placement Test)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၅၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်ပြည်နယ် ပညာရေးမှူး၊ မြန်မာရွှေ့ပြောင်း လုပ်သားကော်မတီ (BMWEC)နှင့် မြန်မာ ရွှေ့ပြောင်းပညာရေး ထောက်ပံ့မှု ဖောင်ဒေးရှင်းနှင့် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ပညာပေးရာ နေရာအသီးသီးသို့ ရောက်ရှိပြီး ကိုယ်စိတ်နှစ်ပါး အေးချမ်းလုံခြုံစွာ စာသင်ကြားနိုင်ရန် အရေးကြီးကြောင်း၊ စာတတ်မြောက်မှုသာ အမှားအမှန်ကို ခွဲခြားနိုင်သည့် အသိပညာ အတတ်ပညာများကို ဆက်လက် လေ့လာသင်ယူနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေးမှ ကျောင်းပညာရေး (သို့မဟုတ်) နည်းပညာနှင့် သက်မွေးပညာရေးသို့ ကူးပြောင်းနိုင်သည့် တန်းညှိပညာရေး အစီအစဉ်ကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာရွှေ့ပြောင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူမှု အခွင့်အလမ်းနှင့် ပတ်သက်၍ ကျောင်းပြင်ပ ပညာရေးဆိုင်ရာ မူဝါဒများနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာရွှေ့ပြောင်း ကျောင်းသားကျောင်းသူများ၏ပညာဆက်လက်သင်ယူမှုနှင့် ပတ်သက်ပြီး ကလေးများပညာသင်ယူမှု အခွင့်အလမ်း မဆုံးရှုံးစေရေးအတွက် လိုအပ်သည်များကို လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က မြန်မာရွှေ့ပြောင်း ကျောင်းသားကျောင်းသူများအား အတန်းနေရာချရန် ဆောင်ရွက်ထားရှိမှုများ ကိုလည်းကောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ကျောင်းပြင်ပပညာရေးဆိုင်ရာမူဝါဒများနှင့် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်များ အကြားရှိ တန်းညှိပညာရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန အရည်အသွေးအာမခံမှု၊ အသိအမှတ်ပြုခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းဌာန ညွှန်ကြားရေးမှူး ဒေါ်အိဖြိုးဝင်း က အတန်း နေရာချထားမှုနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ကရင်ပြည်နယ် ပညာရေးမှူးက အတန်းနေရာချထားမှု (Placement Test) ဆောင်ရွက်ရန်အတွက် စီစဉ်ပေးနိုင်မည့် အခြေအနေများကို လည်းကောင်း၊ မြန်မာရွှေ့ပြောင်း လုပ်သားကော်မတီ (BMWEC)မှ ဒေါက်တာစောဌေးမြင့်က မြန်မာရွှေ့ပြောင်း ကျောင်းသားကျောင်းသူများ၏ သင်ကြားသင်ယူမှု အခြေအနေများနှင့် လက်ရှိကြုံတွေ့နေရသော အခြေအနေများကို လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်




**ကွမ်းခြံကုန်း စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်း ဒေသကြီး ကွမ်းခြံကုန်းမြို့နယ်တွင် အကြိုအခြေခံ မီးသတ်ပညာသင်တန်း (၁/၂၀၂၅)ကို မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ယမန်နေ့က ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဗိုယာန်က အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ ကွမ်းခြံကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၁၀၇ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ရန်ကုန်တိုင်းဒေသကြီး၌ AI နည်းပညာအသုံးချနည်း သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်၏ စီစဉ်မှုဖြင့် AI နည်းပညာအသုံးချနည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းက အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး



ဦးစီးဌာန(ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင်က AI နည်းပညာအသုံးချနည်းနှင့်ပတ်သက်၍ ဆွေးနွေးပို့ချသည်။

အဆိုပါသင်တန်းတွင် AI နည်းပညာသမိုင်းအကြောင်း၊ AI နည်းပညာတွင် ပါဝင်သည့်ကဏ္ဍအသီးသီးတွင် အသုံးချပုံများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများတွင် AI နည်းပညာဖြင့် လုပ်ငန်းများ ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် လက်တွေ့အသုံးချနိုင်သည့် AI Tools များအကြောင်းကို စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃၀

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် မာန်အောင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မာန်အောင်မြို့ မြို့မဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ မြို့နယ်သြဝါဒါစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကာ သံဃာတော်အရှင်သူမြတ်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဈေးတန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်ပြီး ဆရာဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ ကျောင်းသားကျောင်းသူများအားစားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မာန်အောင်မြို့ မြို့မစည်ပင်သာယာဈေးအတွင်း ဈေးသူ ဈေးသားများ ဈေးရောင်းချနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဈေးသူဈေးသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မာန်အောင်မြို့ ရှေးဟောင်းသမိုင်းဝင် ရန်အောင်မြင်စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြကာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ဆက်လက်၍ မာန်အောင်မြို့နယ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက မြို့နယ်အဆင့် ဌာနဆိုင်ရာများသို့ ဆန်နှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် မာန်အောင်မြို့ပေါ်တွင် ဆိုလာစနစ်ဖြင့် လမ်းမီးများရရှိနိုင်ရေးအတွက် ဆိုလာမီးများ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတရသစာအုပ်များကို ပေးအပ်ကာ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးနေမှုကို လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ဆေးရုံတက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားသည်။ ထို့နောက် အာဟာရဖြည့်စွက်စာများနှင့် မာန်အောင်ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဆေးများကိုပေးအပ်ပြီး ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး၌ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်

ရန်ကုန် စက်တင်ဘာ ၃၀

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ တာဝန်ပေးချက်အရ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်က ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းပေးရခြင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အဖွဲ့ (အတွင်းရေးမှူး) ဦးဌေးမိုးက ဆန္ဒမဲပေးရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် ရွေးချယ်ခြင်း၊ အတည်ပြုခြင်း၊ ဗဟိုအလုပ်အမှုဆောင် ရွေးချယ်ခြင်း၊ အတည်ပြုခြင်းနှင့် စီမံခန့်ခွဲရေးကော်မတီဝင်များ ရွေးချယ်ခြင်း၊ အတည်ပြုခြင်းများနှင့် မှတ်တမ်းတင်ခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်**

# အင်္ဂပူမြို့နယ်၌ မြေပဲပန်းတိုင်အထွက်နှုန်းရရှိရေး ရုရှားသဘာဝမြေဩဇာအသုံးပြုပုံ အသိပညာပေးဆွေးနွေး

အင်္ဂပူ စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဘုရားငုတ်တိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ယမန်နေ့ မွန်းလွဲပိုင်းက ချစ်ပန်းနေကြာ မြေပဲစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမ အသင်းသားများအား မြေပဲပန်းတိုင်အထွက်နှုန်းရရှိရေး ရုရှားသဘာဝမြေဩဇာ (Ruma Organic) ဆေးများ အသုံးပြုပုံအဆင့်ဆင့်ကို အသိပညာပေးဆွေးနွေးသည်။



ဦးစွာ ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးမှူး ဦးကျော်စိုးမင်းက ဆီထွက်သီးနှံဖူလုံစေရေး မြေပဲပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရုရှားသဘာဝမြေဩဇာ အသုံးပြုပုံအဆင့်ဆင့်ကို တောင်သူများအား ပညာပေးဆွေးနွေးပြီး မြေပဲစိုက်ပျိုးသည့် တောင်သူ သုံးဦး၏ မြေပဲစိုက်ခင်း ၁၀ ဧကတွင် စမ်းသပ်စိုက်ပျိုးရန်အတွက် ရုရှားနိုင်ငံမှ Ruma Organic သဘာဝ မြေဩဇာများအား အခမဲ့ထောက်ပံ့ ပေးအပ်ပြီး ဆေးဖျန်းမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ သုတ၊ ရသ ၊ စာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြုလုပ်သော သုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ စာပေဥယျာဉ် (Book Club)အသင်းနာယက ဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး) နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)တို့က အမှာစကားပြောကြားကြသည်။ စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂) ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)က မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာမဖတ်သူပပျောက်ရေးတို့အတွက် ယခုလိုသုတ၊ ရသ၊ စာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို လစဉ်ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး တက်ရောက်လာကြသည့် ခွန်မြင့်သူ(အင်းစိန်)က ခေတ်မီရောဂါရှာဖွေရေးကိရိယာများနှင့် ကုထုံးများအကြောင်း၊ မလှလှမြင့်(အင်းစိန်)က ခေါင်းဆောင်ကောင်းတစ်ယောက်အကြောင်း၊ ရန်မိုးအောင်(အင်းစိန်)က ဘဝတိုးတက်ရေး လုပ်ငန်းစဉ်များအကြောင်း၊ ကိုဖြိုးဝေ(ဖြိုး-ကဗျာ)က အဖွဲ့အစည်းတစ်ခု အောင်မြင်ရေးနည်းပညာများအကြောင်း စိတ်ဝင်စားဖွယ်ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသော စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဝင်များဖြစ်ကြသည့် ခင်နွဲ့မူ(အင်းစိန်)၊ ဝင်းနွယ်(ပုသိမ်)၊ စိန်ညိုမင်း(ထန်းတပင်)၊ အောင်ငယ်စစ်(အင်းစိန်) နှင့် မင်းသီဟရာဇာ (လှိုင်သာယာ)တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာသင်တန်း ဖွင့်လှစ်

မုံရွာ စက်တင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ MEKONG-LANCANG COOPERATION SPECIAL FUND (2024)ဖြင့် ဖွင့်လှစ်သည့် ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းကို ယမန်နေ့နံနက်ပိုင်းက ဖွင့်လှစ်သင်ကြားပို့ချသည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါသင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာနမှ Online Sell Registration အကြောင်းအရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ SSID Online Registration နှင့် ပတ်သက်သည့် အကောင့်ပြုလုပ်နည်း၊ မှတ်ပုံတင်ရမည့်နည်းလမ်းများ၊ မှတ်ပုံတင်သက်တမ်းတိုး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မူလမှတ်ပုံတင်ပါ အချက်အလက်များ ပြင်ဆင်လိုလျှင် လုပ်ဆောင်ရမည့် နည်းလမ်းများအကြောင်းနှင့် အွန်လိုင်းအသုံးပြု၍ လုပ်ငန်းလုပ်ဆောင်သူများအနေဖြင့် သိထားသင့်သည့် ဆိုက်ဘာလုံခြုံရေးအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မုံရွာ(ကိုယ်ပွား)**



# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ် စျေးရောင်းပွဲတော်နှင့် ဂီတဖျော်ဖြေပွဲ ကျင်းပနိုင်ရန် မုခ်ဦးဆိုင်းဘုတ်၊ ဂီတဖျော်ဖြေပွဲစင်မြင့်နှင့် မီးအလှဆင်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ပွဲတော်လာပရိသတ်များအတွက် သန့်စင်ခန်းများ၊ မီးဘေးလုံခြုံရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များ ထားရှိရန်နှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စျေးရောင်းပွဲတော်ကို အောက်တိုဘာ ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ စက်မှုထုတ်ကုန်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဒေသထွက်ကုန်ပစ္စည်းများနှင့် ဒေသထွက်အစားအစာ အရောင်းဆိုင်များ၊ စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၃၅၉ ခန်းခင်းကျင်း ရောင်းချမည်ဖြစ်သည့်အပြင် ပွဲတော်ရက်များအတွင်း အလှူရှင်များက စတုဒိသာ နေ့စဉ်ကျွေးမွေးပြီး ရုပ်ရှင်၊ သဘင်နှင့် ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။

ထို့ပြင် ပွဲတော်လာပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန် အကြို၊ အပို့ကားများ စီစဉ်ဆောင်ရွက်ထားရှိကာ အလှပန်းခင်းများ၊ အလှမီးများနှင့် မီးရှူးမီးပန်းများ ပစ်ဖောက်မည်ဖြစ်၍ မည်သူမဆို ပျော်ရွှင်စွာ လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**





# ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာ စီမံကိန်းကော်မတီဖွဲ့စည်း

**ပူတာအို စက်တင်ဘာ ၃၀**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဇီးအွန်ကျေးရွာ ခေတ်မီစံပြကျေးရွာစီမံကိန်း(Smart Village) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်က အမှာစကားပြောကြားပြီး ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပူတာအိုမြို့နယ် စီမံကိန်းတာဝန်ခံက ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များဆွေးနွေးပြီး ကျေးရွာလိုအပ်ချက်များကို ကျေးရွာသူ ကျေးရွာသားများနှင့် ဆွေးနွေးကြသည်။ ဇီးအွန်ကျေးရွာ ခေတ်မီစံပြကျေးရွာ စီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှစ၍ (၅)နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ကျေးရွာ၏ လိုအပ်ချက်ဖြစ်သော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားတင်ပြ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်-မန္တလေး အလုပ်သင်ဆရာဝန်(သစ်လွင်)ကြိုဆိုပွဲနှင့် Orientation Course For House Officers ဖွင့်ပွဲကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်-မန္တလေး အလုပ်သင်ဆရာဝန် (သစ်လွင်) ကြိုဆိုပွဲနှင့် Orientation Course For House Officers ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း ၃၀X ၇၃ လမ်းရှိ ဆေးတက္ကသိုလ်-မန္တလေး မန်းရတနာပုံ (ဇီဝက) ခန်းမ၌ ကျင်းပသည်။



ဦးစွာဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ မျိုးသက်တင်နှင့် ဒုတိယ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ စည်သူတို့က အမှာစကားပြောကြားကြပြီး မန္တလေးပြည်သူ့ ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဆန်းလွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ပါမောက္ခ/ ဌာနမှူးများကိုယ်စား ဆေးတက္ကသိုလ်-မန္တလေး ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ အေးအေးချစ်က အလုပ်သင်ဆရာဝန် (သစ်လွင်)များအား သိသင့်သိထိုက်သည်များကို မှာကြားသည်။

ထို့နောက် နောက်ဆုံးနှစ် အမ်ဘီဘီအက်စ်အပိုင်း (၁) (၅/၂၀၂၄)သင်တန်းတွင် ဂုဏ်ထူးရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**

■

# ဗိုလ်တထောင်မြို့နယ်၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေး



**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန် တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် ပြေစာများပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ ရက်က မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီတာမိုးက ပြေစာများပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေးလုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းရာ မြို့နယ် အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေရှင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# ပုသိမ်မြို့နယ်၌ တောင်သူများထံ ကော်ဖီပျိုးပင်များ ပေးအပ်

**ပုသိမ် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း၌ စိုက်ပျိုးမည့် မြေနိမ့်ကော်ဖီ (ရိုဘတ်စတာ) ပျိုးပင်များအား တောင်သူများထံ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**တောင်သူများထံ ပေးအပ်**

ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်မော်လွင်၊ ပုသိမ်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များက ကျေးရွာအုပ်စု



ကိုးအုပ်စုရှိ တောင်သူ ၄၅ ဦး စိုက်ပျိုးမည့် ၂၄ ဧက အတွက် တစ်ဧကလျှင် ပျိုးပင် ၄၃၅ ပင်နှုန်းဖြင့် ပျိုးပင်ပေါင်း ၁၀၄၄၀ ကို စိုက်ပျိုးမည့် ကျေးရွာအုပ်စုများရှိ တောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ကြေညာ

**ညောင်ရွှေ စက်တင်ဘာ ၃၀**

၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီမှစတင်၍ ညောင်ရွှေမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီးတို့တွင် ကပ်ထားကြေညာထားလျက်ရှိသည်။

**ကြီးကြပ်ဆောင်ရွက်**

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကြေညာခြင်းကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးသည်။



ညောင်ရွှေမြို့နယ် အတွင်း ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၌ စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ၁၄ ရက်ကြာ ပထမအကြိမ် ကပ်ထားကြေညာသည့် မဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒရှင်ဦးရေ ၁၃၉၁၇၅ ဦး၊ တိုင်းရင်းသားမဲဆန္ဒရှင်ဦးရေ ၉၄၈၂၇ ဦးရှိပြီး လျာထားမဲရုံ အရေအတွက် ၁၃၃ ရုံ ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**








## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ ရတနာလမ်း၊ မြေကွက်အမှတ်(၇၂၂) ဒေါ်မြင့်မြင့်[၁၂/သဃက(နိုင်)၀၉၅၂၆၇] ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေမြေကွက်မှ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင် လက်ဝယ်လက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးပြည့်ဟိန်း[၁၂/ဒဂရ(နိုင်)၀၀၈၈၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းဆွေ[၁၂/ဗဟန(နိုင်)၀၁၇၈၇၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဝင်းဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၉.၉.၂၀၂၅) ရက်နေ့ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ - ၂၈၊ ကော်လံ - ၂ ပါ ဒေါ်ယမင်းရွှေစင် (အထက်တန်းရှေ့နေ) ၏ကြေညာချက်တွင် ဦးကျော်စွာအောင် (ဘ) ဦးအောင်သိန်း (၁၂/မဂတ(နိုင်)၀၀၂၀၂၃)နေရာတွင် ဦးကျော်စွာအောင် (ဘ) ဦးအောင်သိန်း (၁၂/မဂတ(နိုင်)၀၀၂၀၂၄) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်


# ရတနာ
# သစ်တော
# ပြည့်သွေးကြော
# သစ်တော
# ရတနာ
# ထိန်းသိမ်းပါ


## ကန့်ကွက်နိုင်ပါကြောင်း

ညောင်တုန်းမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၉)၊ အကွက်အမည်-ဈေးပိုင်းရပ်၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀.၀၂၃)ဧကရှိ ဘိုးဘပိုင်မြေအား ဒေါ်ကျင်ဟုတ်အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

ဒေါ်ကျင်ဟုတ်
[၁၄/ညတန(နိုင်)၁၂၉၆၀၆]
ဖုန်း- ၀၉ - ၂၅၆၉၅၄၅၃၆

## အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ည ၈ နာရီ ၂၉ မိနစ် ၄၉ စက္ကန့်အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၁၉၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(Leyte, Philippines) မြောက်လတ္တီတွဒ် ၁၁ ဒသမ ၀၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၂၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၆ ဒသမ ၉ အဆင့်ရှိအင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## နာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း

(LL.B) WIPO,DL-101 Switzerland)

ရှေးမှုမပျက် ခေတ်မှီလှပသော နာမည်လှလှလေးများကို ဖုန်းသာဆက်လိုက်ပါ။ ကုန်အမှတ်တံဆိပ်ရွေးချယ်ခြင်း၊ အိမ်ရောင်းထွက်ဖို့၊ ဈေးရောင်းကောင်းဖို့၊ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သော အကြားအမြင်ဟောစာတမ်းပါဦးမည်။ ကလေးအတွက်အစုံပါသည်။ လူကြီးမင်းလိုရာမေး ကိုယ်ဝန်ဆောင်မိခင် ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။ အမှတ်(၉)၊ ဒုထပ်၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။(ပိတ်ရက်မရှိ)01-394727,01-399426,09-73009994,09-5152521

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ ပုလဲသွယ်လမ်း၊ မြေကွက်အမှတ်-၁၉၃၊ (၄၀ ပေx ၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးဇော်လွင်(CF-၁၀၂၇၈၈)က အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဇော်ဟိန်း [၁၂/ဥကမ(နိုင်)၁၈၇၆၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဲမာထွေး [၁၂/ကတန(နိုင်)၀၇၃၇၉၇]က အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေများ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၂၃၀၀)**
**အမှတ်-၁၆(ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၅၈၅၅၃၊ ၀၉-၇၉၉၄၆၆၉၅၄**

## "ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရန်နိုင်(၇)လမ်း၊ တိုက်အမှတ်(၂၁၂)၊ ပထမထပ်၊ အခန်းအမှတ်(၁၁)၊ ဧရိယာ(၂၅'x၂၅')ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန်"

အထက်ပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မိမိတို့ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်း နည်းလမ်းအရပ်ရပ်ဖြင့် လွှဲပြောင်းပိုင်ခွင့်ရှိသူမှာ မိမိတစ်ဦးတည်းသာဖြစ်ကြောင်း၊ မိမိ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းတစ်စုံတစ်ရာ မရှိပါကြောင်း၊ မည်သူကိုမျှ ကြိုတင်လွှဲပြောင်းရောင်းချထားခြင်းတို့ မရှိပါကြောင်း ဝန်ခံကတိပြု၍ **ဒေါ်သွယ်မွန်သက်ဆု[၁၂/မရက(နိုင်)၁၅၅၄၁၈]**ထံမှ အပြီးအပိုင်ဝယ်ယူနိုင်ရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ မူရင်းများ တင်ပြပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်ထားဆွိ (LL.B, D.I.L, Dip in Eng)**
**အထက်တန်းရှေ့နေ (စဥ်-၄၂၈၉၉)**
**အမှတ်(၂၇/မြေညီ)၊ မာလာမြိုင်(၇)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**Ph:09-972734996, 09-881181988**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ်(၄၁)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းရွှေအေး(ခ)ဟန်လေး(သရုပ်ဆောင်) [၁၃/မဆတ(နိုင်)၀၆၄၃၃၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် Nan Shwe Aye (Han Lay), Han Lay Account Name များဖြင့် Facebook, Page , Tiktok, Instagram, Telegram စသည့် လူမှုကွန်ရက်စာမျက်နှာများနှင့် ကျွန်ုပ်မိတ်ဆွေ၏ လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာရှိစွာဖြင့် မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်အသုံးပြုလျက်ရှိပါသည်။

သို့ရာတွင် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းရွှေအေး(ခ)ဟန်လေး(သရုပ်ဆောင်) မှ (မပတ်သက်ချင်သောသူ) မပတ်သက်သောသူများမှ လာရောက်၍ လူမှုကွန်ရက်စာမျက်နှာများနှင့် ကျွန်ုပ်မိတ်ဆွေ၏ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းများတွင် လာရောက်၍ စာဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ နှောင့်ယှက်မှုများ ပြုလုပ်လျက်ရှိပါသည်။

ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေအား ခိုင်မာသေချာမှုမရှိဘဲ အခြေအမြစ်မရှိ မဟုတ်မမှန်စွပ်စွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးစေရန် ရည်ရွယ်၍ ကျွန်ုပ်မိတ်ဆွေထံသို့ လွဲမှားစွာ ကိုယ်ထိလက်ရောက် စွပ်စွဲလုပ်ဆောင်သူများကြောင့် ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားများစွာထိခိုက်ကျဆင်း၍ နစ်နာဆုံးရှုံးလျက်ရှိပါသည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေအား လူမှုကွန်ရက်စာမျက်နှာများနှင့် ကျွန်ုပ်မိတ်ဆွေ၏ လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် ဂုဏ်သိက္ခာကျဆင်းစေမည့် အရေးအသားများရေးသားခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊ အသရေပျက်စေမည့် အရေးအသားများ ရေးသားခြင်း၊ ဆဲဆိုခြင်း၊ ညစ်ညမ်းစွာပြောဆိုခြင်း၊ ခိုင်မာသေချာမှုမရှိဘဲ စွပ်စွဲခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးစေရန် ရည်ရွယ်၍ တစ်နည်းနည်းဖြင့် အားထုတ်လုပ်ဆောင်ခြင်းများ လုံးဝမပြုလုပ်ရန်နှင့် နောက်နောင်တွင်လည်း ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းရွှေအေး(ခ)ဟန်လေး(သရုပ်ဆောင်)မှ (မပတ်သက်ချင်သောသူ) မပတ်သက်သောသူများမှ လာရောက်၍ ဖုန်းဖြင့်လည်းကောင်း၊ စာပို့၍လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက် လိုက်လံနှောင့်ယှက်၍သော်လည်းကောင်း လုံး၀(လုံး၀) မပြုလုပ်ရန် အသိပေးတားမြစ်လိုက်သည်။

ဤကြေညာချက်အား လိုက်နာခြင်းမရှိဘဲ ဆက်လက်၍ ဖောက်ဖျက်ကျူးလွန်ပါက ကျွန်ုပ်မိတ်ဆွေ၏ ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နန်းရွှေအေး(ခ)ဟန်လေး** | **ဒေါ်အိမွန်ခိုင် (LL.B, D.B.L, D.I.L)** |
| **(သရုပ်ဆောင်)** | **DL. (101)IP LAW (WIPO, SWITZERLAND)** |
| **[၁၃/မဆတ(နိုင်)၀၆၄၃၃၁]** | **တရားလွှတ်တော်ရှေ့နေ (စဥ်-၉၃၅၃)** |
| | **အမှတ်-၅၅၇/၅၆၇၊ အခန်း-၉၀၂၊ (၉-လွှာ)** |
| | **MAC Tower၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |
| | **ဖုန်း-၀၉-၂၅၀၂၈၉၇၇၃၊ ၀၉-၇၉၅၁၈၈၉၈၅** |

☆ **ကျောဖုံးမှ**

Young Lionesses အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် ဧရာဝတီအသင်း နှစ်ဂိုးစီ သရေကျခဲ့သည်။ သစ္စာအားမာန်-ဧရာဝတီပွဲအနိုင်ရသည့်အသင်းမှာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သော်လည်း သရေကျခဲ့သဖြင့် အား/ကာသိပ္ပံအသင်းက ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

ပထမအကျော့အပြီးတွင် ဇယားထိပ်ပိုင်းမှ အသင်းများ အမှတ်ကွာဟမှုမရှိဘဲ အသင်းလေးသင်း အပြိုင်ဖြစ်နေသည်။

ပထမအကျော့အပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၉ မှတ်၊ သစ္စာအားမာန်အသင်းနှင့် ဧရာဝတီအသင်းက ၁၈ မှတ်စီ၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၃ မှတ်၊ YREO အသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ မြဝတီအသင်းက သုံးမှတ်၊ ရန်ကုန်စီးတီးအသင်းက အမှတ်မရသေးပေ။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-MWL

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## လေပွေလှိုင်း အားလျော့သွားပြီဖြစ်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖြစ်ပေါ်ခဲ့သော လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။

လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လေဖိအားနည်းမြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိသည်။

မိုး/ဇလ


## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ရန်ကုန်တိုင်းဒေသကြီး၊တွံ့တေးမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်းကွင်းအမှတ်(၀၂)၊အုပ်စုအမှတ်(RA-2)၊အကွက်အမှတ်(တ--၀၆)၊မြေကွက်အမှတ်(၀၂၀၂)၊ဧရိယာ(၁၀၀'× ၁၀၀')ရှိ ယာယီမြေပေးမိန့်အမျိုးအစား ဦးဝင်းလှိုင်(၁၂/တတန(နိုင်)၁၁၀၅၄၈)အမည်ပေါက်မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်အမည်ပေါက်သူ-ဦးဝင်းလှိုင် ထံမှ အရောင်းအဝယ်သဘောတူကတိစာချုပ်အရ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းနိုင် (၁၂/လမတ(နိုင်)၀၁၅၀၈၄)က အရှုပ်အရှင်းကင်းရှင်းစွာ ပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(လွှဲအပ်ညွှန်ကြားချက်အရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်-၂၇၃၅၅)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၀၈

ဒေါ်ရီငွေ့ နှင့် ဦးကျော်စိုးမင်း
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ်-၉၈၆ နေ ဦးကျော်စိုးမင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုက **"ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် (၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင့်ဝါဖေဝင်း)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ အပိုင်(၅)၊ ရိုးမရိပ်သာလမ်း၊ အမှတ်(၃၈၂)၊ ဗိုလ်မှူး သီမင်းထိုက်(ပါမစ်အမည်ပေါက်)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်မှ ရောင်းချခဲ့ပြီး အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးလှဝင်း (ဘ) ဦးဟုတ်ရီ [၁၂/သဃက(နိုင်)၁၃၄၀၈၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဘီနိုက်(ခ)စိုးလွင် (ဘ) ဦးရမ်းဂျစ် [၇/ကတခ(ပြု)၀၁၇၇၇၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘီနိုက်(ခ)စိုးလွင်[၇/ကတခ(ပြု)၀၁၇၇၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်နိုးသူ (LL.B, WIPO DL-101(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၀၈၁)**
**ဖုန်း-၀၉- ၇၇၂၆၁၇၅၉၁**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၃၃/၁၀)ရပ်ကွက်၊ မြဝတ်ရည် (၁)လမ်း၊ အမှတ်-(၅၄၄/ခ)ဟုခေါ်တွင်သော မြေကွက် ပေ(၂၀x၆၀)နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦ၊ ရေ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ဦးဝင်းမြင့်ထံမှ အဆင့်ဆင့်ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ယခုတွင်လက်ရောက်ရရှိပိုင်ဆိုင်ကာ တရားဝင်ရောင်းချခွင့်ရှိသည်ဟုဆိုသော ရောင်းချသူ ဦးသန့်ဇင် [၁၄/ဟသတ(နိုင်) ၁၈၅၇၄၇]ထံက ကျွန်ုပ်မိတ်ဆွေ ဦးသန်းဇော်ဗိုလ် [၈/နမန(နိုင်) ၂၅၃၆၄၆]မှ ဝယ်ယူရန်အတွက် (၂၈-၉-၂၀၂၅)ရက်နေ့တွင် အိမ်ခြံမြေတန်ဖိုးအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးနောက် အိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်စာချုပ်အား (၃၀-၁၁-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပြုလုပ်ချုပ်ဆိုကြမည်ဖြစ်ပါသည်။ ထိုသို့ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေနှင့် ရောင်းချသူ ဦးသန့်ဇင်တို့ အရောင်းအဝယ်ပြုလုပ်ကြသည့် အထက်လိပ်စာပါ အိမ်ခြံမြေနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ထိုအိမ်ခြံမြေ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းများမရှိပါက ကျန်ငွေများကို ဆက်လက်ပေးချေ၍ အိမ်ခြံမြေအပြီးသတ် အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးကိုကိုသိန်း (LL.B.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၃၅၈)**
**မ-၂၄၅/က၊ ပြည်လမ်း၊ ၅၂/၃၄/၁၀-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၅၇၁၅၇၀၉**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၈၊ မြေကွက်အမှတ်- ၂၀၀၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၂၀၀၊ (၁၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှအောင် [၁၂/ရပသ(နိုင်) ၀၀၄၄၇၅] အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ (၂၃-၉-၂၀၂၅) ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိ ရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဦးစိုးနိုင် [၁၀/မလမ(နိုင်)၀၂၄၀၄၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဖြိုးအာကာကျော် [၁၂/လသန (နိုင်)၀၂၂၄၈၈]မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်-၄/၂၀၆၂၊ (၂၅ ပေ x ၅၀ ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်သုံးမီတာပါ သွပ်မိုးပျဉ်ထောင် (၁) လုံး၊ ဝါးတဲ (၁) လုံး၊ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်သူ **ဒေါ်ခင်အေးသွယ်** ( E/DLA-၀၂၄၅၃၈ ) က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏အမှုသည်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရံငွေအချို့ ကိုပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ်မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်၊ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးဝင်းဗိုလ်အေး (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၂၄)
တိုက် - ၁၀၄/၁၁၂၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၉၆၅၁၅၄၇၀၉

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဦးကျော်ရှိန်+ဒေါ်မြညွှန့်တို့၏ သားဖြစ်သူ အောင်စိုးသန်းသည် မိဘနစ်ပါး၏ ဆိုဆုံးမမှုကို မနာခံဘဲ အိမ်မှဆင်းသွားပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘ - ဦးကျော်ရှိန် [၁၂/ဥကတ (နိုင်) ၀၁၀၄၆၈]**
**ဒေါ်မြညွှန့် [၁၂/ဥကတ (နိုင်) ၀၁၀၄၅၃]**

## အများသိစေရန် အသိပေးကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁ P)၊ လူနေရပ်ကွက် အမှတ်(-)၊ မြေကွက်အမှတ် (V ၁၉၃)၊ မြေဧရိယာအကျယ်အဝန်း [၃၂၀၀ စတုရန်းပေ၊ ၀.၀၇၃ ဧက၊ အလျား ၄၀xအနံ ၈၀ပေ]ရှိ ဒေါ်မြစန္ဒာ[၁၂/မဂတ(နိုင်) ၀၁၃၇၄၉]၊ ဒေါ်မြသော်တာ[၁၂/မဂတ(နိုင်) ၀၁၂၇၆၂]တို့နှစ်ဦးအမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ (၂)ထပ်တိုက်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြယာကုန်းလမ်း၊ အမှတ် (၅၇)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"၏ အမည်ပေါက်ပိုင်ရှင်ဖြစ်များဖြစ်ကြသော ဒေါ်မြစန္ဒာနှင့် ဒေါ်မြသော်တာတို့နှစ်ဦးမှ မိမိတို့မှ တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး စရန်ငွေပေးကတိစာချုပ်ကိုချုပ်ဆို၍ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှုစာချုပ်စာတမ်း/ စာရွက်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသီတာမော် (LL.B, D.B.L)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်- ၈၄၂၉/၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉/လမ်းမတော်တောင်ရပ်)၊ ဦးပိုင်အမှတ်(၄)၊ မြေဧရိယာ (၀.၁၆၀)ဧကရှိ ဒေါ်သဲစုလှိုင် (ဘ) ဦးဇော်မင်းအောင် [၉/ပမန(နိုင်)၁၅၈၉၃၄]နှင့် ဒေါ်လှိုင်စံပယ်အောင် (ဘ) ဦးဇော်မင်းအောင်[၉/ပမန(နိုင်)၁၈၃၆၂၅]တို့ (၂)ဦး အမည်ပေါက်ဘိုးဘပိုင်မြေကွက်အား ဒေါ်သဲစုလှိုင်နှင့် ဒေါ်လှိုင်စံပယ်အောင်တို့မှ ဒေါ်ခိုင်ရွှေဝါ (ဘ)ဦးသိန်းစိုး [၁၄/ဟသတ(နိုင်) ၀၅၈၃၇၆]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ **မြေပုံ၊ မြေရာဇဝင်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ် - ၁၈၊ ဧရိယာ (၀.၀၅၅) ဧက၊ မြေအမျိုးအစား- နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် (၈၀၂)၊ ဗိုလ်မင်းရောင်လမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဒေါ်အေးနု [၁၂/မရက(နိုင်) ၀၇၅၃၆၉] အမည်ပေါက်လျက်ရှိပြီး မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမျိုးမင်းဟိန်း**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၁၃၉)**

**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)**

**အမှတ် (၅၁)၊ ပထမထပ်၊ ၃၈-လမ်း (ကမ်းနားဘလောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရှေ့ရပ်ကွက်၊ အကွက်အမှတ် (၅၆၈)၊ ဦးပိုင်အမှတ်(၁၁)၊ ၈၂လမ်း၊ ၃၃x၃၂ လမ်းကြားရှိ ဘိုးဘ မြေကွက် အမည်ပေါက်သူ ဦးဝေယံဖြိုးချစ် [၉/အမဇ(နိုင်) ၀၃၁၂၆၅]၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ် (၆၇၇၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဝင်းမြင့်(ခ)စီချိန် [၉/မရမ (နိုင်) ၀၆၄၂၄၄]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၄)၊ မြေကွက်အမှတ် (၂၄၆)၊ မြေကွက်တည်နေရာအမှတ် (၂၄၆)၊ ပုဏ္ဏမီလမ်း၊ (၈၄) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးအောင်ဆန်းလွင်(MMN-၅၆၃၄၁၀) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် (ခင်ပွန်း) ဦးအောင်ဆန်းလွင် (MMN - ၅၆၃၄၁၀) [၁၂/ကမရ(နိုင်)၀၃၁၅၈၉] သည် (၃၁-၅-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းမင်း [၁၂/ကမရ(နိုင်)၀၃၁၅၉၂]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၄၉၇/၂၀၂၅ (၁၉-၃-၂၀၂၅)၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မြေချပါမစ်(မူရင်းတုံးမပါ)တို့ တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်၊ ဆူးကြိုးကာရံထားပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုး တင်ပြထားပါသဖြင့် ဒေါ်စန်းစန်းမင်းမှ ပါမစ်(မူရင်းတုံးမပါ)တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်ဂရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

တောတောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်၊ ဈေးမြောက်လမ်း၊ အမှတ် (၄)ရှိ E-Condo၊ အခန်းအမှတ်-(D3-2)၊ တတိယထပ်၊ (၄)လွှာ၊ ဧရိယာ (၁၉၂၅) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြေရှင် ဒေါ်တင်ကြည် [၁၂/ဒဂန(နိုင်)၀၂၃၃၃၇] ထံမှ ယခုရောင်းချသူ ဒေါ်ဥမ္မာအောင် (ဘ) ဦးမကျန်ဂျိုးဇက်ဇော်အောင် [၁/မကန(နိုင်)၀၁၈၆၄၄]သည် တရားဝင်လွှဲပြောင်းဝယ်ယူခဲ့ပြီး တရားဝင်ပိုင်ဆိုင်လာခဲ့၍ ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အထက်ဖော်ပြပါထားသော ရောင်းချသူသည် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက် လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့်(ခ)ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၇၅၁/၁၉၉၁)**
**အမှတ်- ၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၃၉၃၀၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်ကျောင်း လမ်းသွယ်၊ အမှတ်(၄)ဟုခေါ်တွင်သော သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ မြို့မကွက်၊ ဦးပိုင်အမှတ်(၃၅/က)၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၁-၅-၁၈)ရက်စွဲပါ စာအမှတ်- ၃/၆-၂/(၃၇)၊ စိုက်/မွေးအရမြို့မြေအဖြစ် သတ်မှတ်နိုင်ရေး အသုံးပြုရန်အခြားနည်း အသုံးပြုခွင့်ရရှိပြီး ဒေါ်ပု အမည်ပေါက် မြေဧရိယာ(၃. ၇၇၀)ဧကအနက်မှ အရှေ့မျက်နှာ၀(၃၅) ပေ၊ အနောက်မျက်နှာ၀ (၃၀)ပေ၊ အရှည်(၇၀)ပေ၊ ဧရိယာ (၀.၀၅၂)ဧကရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးအေးသိန်း(ဘ)ဦးမြသောင်း [၁၂/သလန(နိုင်)၀၀၇၃၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းပပငြိမ်း (ဘ) ဦးမြင့်ဦး [၁၂/သလန(နိုင်)၁၀၅၁၃၄]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

တရားမပုံစံအမှတ် ၇၄ ဘီလစ်မှတ်ပုံတင်စာရင်းစာအုပ်တွင်အမှတ်

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
## သန်လျင်ခရိုင်တရားရုံးတော်
## (ဒဂုံမြို့သစ်ခရိုင်တရားရုံး၏ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅၂၄ နှင့် ဆက်နွှယ်သည့်)
## ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၇

SME Development Bank (အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်) (ဘဏ်ခွဲတာဝန်ခံ ဒေါ်အေးမြတ်ကြည်) နှင့် ၁။ ဦးအောင်အောင်ကျော် ၂။ ဦးခင်ကျော်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့၊ မြင်တော်သာလမ်း၊ မြင်တော်သာ အိမ်ရာ၊ တိုက်အမှတ်(၂)၊ (၃)လွှာ၊ အခန်းအမှတ်- ၂၀၁ နှင့် သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကညင်ပင်ကျေးရွာ၊ ဦးဘဖုံလမ်း၊ အမှတ် (၁၅၉) (ယခုနေရပ်လိပ်စာမသိ)နေ (၁) ဦးအောင်အောင်ကျော်၊ (၂) ဦးခင်ကျော် သိစေရမည်။**

ဒဂုံမြို့သစ်ခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂၄ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် **တရားနိုင်**က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ် ဖြင့်ဖြစ်စေ၊ **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်၊ (၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်)**နေ့မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့ တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
အမိန့်ဆင့်စာခလွှတ်။
ငွေ ၄၀၀ ရရှိပြီး။

**(လှိုင်လှိုင်ဝေ)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သန်လျင်ခရိုင်တရားရုံး**
**တရားသူကြီး**

## "အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း"

၁။ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မြန်မာ့သစ်လုပ်ငန်း၊ ရှမ်းပြည်နယ်(အရှေ့/တောင်)၊ လွိုင်လင်သစ်ထုတ်ရေးဒေသမှ ကျွန်းသစ်လုံးတန် (၃၀၀၀)အား နမ့်စန်မြို့ရှိ နယ်မြေခံတပ်ရင်းဝင်းထဲမှ ခရေပင်သစ်ဆိပ်(နေပြည်တော်-ဇေယျာသီရိမြို့နယ်)သို့လည်းကောင်း၊ ကျွန်းသစ်လုံးတန် (၃၀၀၀)အား ခရေပင်သစ်ဆိပ်(နေပြည်တော်-ဇေယျာသီရိမြို့နယ်)မှ ရန်ကုန်(တောင်ဒဂုံသစ်ဆိပ်)သို့လည်းကောင်း (၁)တန်အရောက်ဈေးနှုန်းဖြင့် (ကားတိုက်) ဝန်ဆောင်မှုများရယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | - | (၁-၁၀-၂၀၂၅ ) ရက်မှ (၁၄-၁၀-၂၀၂၅) ရက်ထိ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပိတ်မည့်ရက် | - | (၁၅-၁၀-၂၀၂၅)ရက် (ညနေ ၄:၃၀ နာရီ ) |
| ၄။ | တင်ဒါဖွင့်မည့်ရက် | - | ထပ်မံအကြောင်းကြားပါမည်။ |
| ၅။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - | မြန်မာ့သစ်လုပ်ငန်း ၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ တောင်ကြီးမြို့။ |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ အေးရိပ်ငြိမ်(၁)လမ်း၊ အမှတ်(၂၉၇)၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်၊ မြေအမည်ပေါက်-ဦးသန်းရွှေ [၁၂/လမန(နိုင်)၀၄၁၄၉၃](ISN-၁၀၈၅၄၂)၊ မြေအကျယ်အဝန်း-(၄၁ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၁ပေx၆၀ပေ)အဆောက်အဦနှင့် ယင်းမြေပေါ်တွင် ရေ၊ လျှပ်စစ်မီးမီတာအဆက်စပ်အရောင်းအဝယ်စာချုပ်မူရင်းများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခု အပိုင်ရောင်းချသူ ဒေါ်သင်းသင်းဦး[၉/ရမသ(နိုင်)၀၀၉၆၁၆]မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်မူမူကိုကြီး[၁၂/အစန(နိုင်)၀၃၁၁၆၅]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755 , 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ဟံသာဝတီရှိမြို့နယ်၊ မြေတိုင်းရပ်ကွက်-ရပ်ကွက်ကြီး(၈)၊ ခွာဖြူလမ်းနှင့်ကုမုဒြာလမ်းထောင့်၊ မြေကွက်အမှတ်(၄၅/၃၁၃)၊ မြေအမျိုးအစား-ဂရန်မြေ၊ ဧရိယာ(၀.၀၆၃)ဧက၊ စတုရန်းပေ(၂၇၄၉)ပေရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခု အပိုင်ရောင်းချသူ ဦးမျိုးထက်[၈/သရန(နိုင်)၀၀၂၄၂၂]အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သန္တာ[၁၄/ပတန(နိုင်)၂၁၁၉၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755 , 09-421123477**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ မြေကွက်အမှတ်-၂၉၁(မြောက်ပိုင်း)၊ ဇမ္ဗူရာဇ်လမ်း၊ အိမ်အမှတ်-၇၆၊ အလျား(၃၀)ပေxအနံ(၅၀)ပေထောင့်ကွက်၊ ဦးအောင်သန်းဦး(TTN-၁၇၇၅၆၆)အမည်ပေါက် မြေအမျိုးအစား-ပါမစ်မြေဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခု အပိုင်ရောင်းချသူ ဒေါ်စန်းနိုင်[၁၂/ဥကမ(နိုင်)၁၃၄၄၄၄]မှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ**
**ဒေါ်နီနီအေး[၁၂/ဒဂန(နိုင်)၀၁၃၃၇၂]နှင့်ဒေါ်ဖြူဖြူ[၁၂/ဒဂန(နိုင်)၀၁၃၃၇၃]**
**တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL-101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (၈)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း-09-260087755 , 09-421123477**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း(ခ)ကျောင်းဖြဲလမ်း၊ အမှတ်(၄၀)ဟု ခေါ်တွင်သော(၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(ခြေရင်းခန်း)၊ (၆၄၃)စတုရန်းပေ အကျယ်အဝန်းရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ဆိုင်ခွင့်ရှိကြသော ဦးဒဲနီရယ်အောင်ရဲကျော်[၁၂/ရပသ(နိုင်)၀၇၉၃၈၂]၊ ဒေါ်နန်ဂျီ[၁၂/အစန(နိုင်)၀၆၉၂၀၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်မွန်[၁၂/ ဒဂန(နိုင်) ၀၃၁၈၇၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၇၁၁၄၈**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၄၀၉)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ၊ မြေအမျိုးအစား(အိုးအိမ်မြေချပါမစ်)၊ အမည်ပေါက် ဦးစိုးဝင်းဖြင့်ရှိသော မြေကွက်ကို အရပ်စာချုပ်ဖြင့် ဒေါ်မြင့်မြင့်ထွေး[၁၂/ဒဂတ(နိုင်)၀၉၄၉၂၅]မှ ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ရောင်းချရာ၌ ဦးဝင်းနိုင်[၁၂/ကတန(နိုင်)၀၁၉၆၇၁]မှလည်း ဝယ်ယူရန် သဘောတူညီခဲ့ပါသဖြင့် (၂၇-၉-၂၀၂၅)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၉၈၁၃၃၉၆၃**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ (၁၂၀)လမ်း၊ အမှတ်(၄၃)ရှိ အကျယ်အဝန်း (၁၅x၃၈)ပေ၊ (၆)လွှာ(ယာ)ဘက်၊ တိုက်ခန်းကို အရပ်စာချုပ်ဖြင့် ဒေါ်ဘီလ်ကီစ်ဘီ[၁၂/မဂတ(နိုင်)၀၇၃၄၄၈]မှ ပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကာလတန်ဖိုး တစ်ရပ်ဖြင့် ရောင်းချရာ၌ ဒေါ်ခင်နှင်းပွင့်ဖြူ[၁၂/မဂတ(နိုင်)၁၀၂၄၄၁]မှ ဝယ်ယူရန် သဘောတူညီပါ၍ (၂၅-၉-၂၀၂၅)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်နှင်းပွင့်ဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၄၈)(၅+၆) လွှာ၊ (ဒုတိယထပ်)၊ ဘယ်ညာ(၂)ခန်း၊ အကျယ်အဝန်း(၂၅x၇၃)ပေ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို (က) ဦးတိုးဝေအောင်[၁၂/လသန(နိုင်)၀၂၄၅၀]၊ (ခ)ဒေါ်ဖူးဝေအောင်[၁၂/လသန(နိုင်)၀၂၀၁၆]တို့မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်းတင်ပြ၍ ရောင်းချရန် အဆိုပြုရာ၌ (က) ဦးအစ္စမိုင်[၆/ကသန(နိုင်)၀၃၇၀၈၉]၊ (ခ)ဒေါ်နန့်ချောကလျာ[၁၄/၀ခမ(နိုင်) ၁၂၃၀၂၂]တို့မှ ဝယ်ယူရန် သဘောတူညီပါ၍ (၂၅-၉-၂၀၂၅)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအစ္စမိုင် +၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၇၈၅၀၁၁၁၅၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၄၈၃-ဘီ)၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက် အမည်ပေါက်၊ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စောမို့မို့အောင်[၈/ရနခ(နိုင်)၀၀၈၀၈၄] (ဘ) ဦးအောင်မြင့် မှ ၁၄-၅-၂၀၂၄ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာအစည်းအဝေး ဆုံးဖြတ်ချက်တင်ပြ၍ ဦးအောင်ကျော်မှူး[၅/မရန(နိုင်)၀၀၅၀၆၀] (ဘ)ဦးကျော်သန်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ်(ဥ-၅၄၈၅-ဘီ)၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်၊ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်စောမို့မို့အောင်[၈/ရနခ(နိုင်)၀၀၈၀၈၄]၊ (ဘ) ဦးအောင်မြင့်မှ (၁၄-၅-၂၀၂၄)ရက်စွဲပါ ကုမ္ပဏီဒါရိုက်တာအစည်းအဝေးဆုံးဖြတ်ချက်တင်ပြ၍ ဦးအောင်ကျော်မှူး [၅/မရန(နိုင်)၀၀၅၀၆၀]၊ (ဘ) ဦးကျော်သန်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ် အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခ များအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက် ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အားသုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင် ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြသူများ အနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခု ကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာ ဘဏ်ခွဲသို့ လာရောက် ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| ၁ | ဦးကိုကိုလတ် | [၁၂/သဃက(နိုင်)၁၀၂၄၃၁] |
| ၂ | ဦးနိုင်အောင် | [၁၂/သလန(နိုင်)၁၃၄၅၇၅] |
| ၃ | ဦးစအေးကို | [၁၄/အမန(နိုင်)၀၉၈၀၇၅] |
| ၄ | ဒေါ်စိုးစိုးအေး | [၁၃/တကန(နိုင်)၀၉၅၈၉၈] |
| ၅ | ဒေါ်ထွေးသီတာ | [၁၂/ဗဟန(နိုင်)၀၀၂၀၆၆] |
| ၆ | ဦးရန်ဖြိုး | [၁၂/မဂတ(နိုင်)၁၀၅၂၂၄] |
| ၇ | ဦးဇာမျိုးထွန်း | [၁၂/လကန(နိုင်)၁၆၄၈၃၀] |
| ၈ | ဦးတင်ဆန်းဦး | [၁၂/ကမန(နိုင်)၁၂၁၁၅၂] |
| ၉ | ဦးရဲဝင်းအောင် | [၁၂/ကတတ(နိုင်)၀၀၇၇၉၁] |
| ၁၀ | ဒေါ်ဝင်းသီတာ | [၁၂/ကမတ(နိုင်)၀၅၀၆၉၄] |
| ၁၁ | ဦးနောင်ဆက်ပိုင် | [၁၂/လမတ(နိုင်)၀၃၀၁၆၅] |
| ၁၂ | ဦးကျော်မင်းမင်းလတ် | [၁၂/ပဇတ(နိုင်)၀၁၇၄၇၅] |
| ၁၃ | ဒေါ်စုနန္ဒာလှိုင် | [၁၄/ဖပန(နိုင်)၁၆၃၇၉၇] |
| ၁၄ | ဦးဇင်ကိုလွင် | [၁၂/ကမရ(နိုင်)၀၁၁၃၈၀] |
| ၁၅ | ဦးဖြိုးဇော်ဦး | [၁၂/ဗတထ(နိုင်)၀၃၇၄၅၂] |
| ၁၆ | ဒေါ်ထားထားနွယ် | [၁၂/ပဘတ(နိုင်)၀၀၆၇၄၁] |
| ၁၇ | ဒေါ်ဝေမာလှိုင် | [၁၂/ဥကတ(နိုင်)၁၅၁၈၃၂] |
| ၁၈ | ဦးအောင်မိုးကျော် | [၁၃/ရစန(နိုင်)၀၀၄၈၃၅] |
| ၁၉ | ဦးကျော်ချစ်ဖွေးမြင့် | [၁၀/ရမန(နိုင်)၁၆၆၇၄၇] |
| ၂၀ | ဦးဇော်မျိုးထက် | [၁၂/သကတ(နိုင်)၁၈၇၁၄၆] |

**Legal and Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ်(၅၃)၊ Strand Square Office၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။Ph-01-2307091**

## ကြော်ငြာစာ

